# ပထမအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# အထူးအစည်းအဝေး

# (၁/၂၀၁၆)

# မှတ်တမ်း

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | **အထူးအစည်းအဝေး(၁/၂၀၁၆)ပထမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၅ |
| (၄) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ | ၆ |
| (၅) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ | ၁၀ |
| (၆) | ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ | ၁၉ |
| (၇) | ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်ရှမ်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့တင်သွင်းခြင်း | ၁၉ |
| (၁၃) | ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောသတ္တုကဏ္ဍ လုပ်ငန်း ဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း | ၅၅ |
| (၁၄) | ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လျှပ်စစ်နှင့်စက်မှုလက်မှုကဏ္ဍလုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ | ၆၂ |
| (၁၅) | ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆)ပထမနေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၆၄ |
| (ခ) | **အထူးအစည်းအဝေး(၁/၂၀၁၆) ဒုတိယနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၆၅ |
| (၂) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၆၆ |
| (၃) | ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ | ၆၇ |
| (၄) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ | ၆၇ |
| (၅) | ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် | ၇၀ |

စပ်လျဉ်း၍ ဆွေးနွေးရန်တင်ပြထားသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ကရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၇၁

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းသော ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးရန်တင်ပြထားသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၇၂

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်က ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၇၃

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်လုပ်ငန်း ဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း ၇၄

(၁၀) ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခုနှစ်လုပ်ငန်းဆောင်ရွက်ချက်များနှင့် စုံစမ်းရေးကော်မရှင်အစီရင် ၈၀





(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း။ ၂၉

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၃၀

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းသော ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၃၄

(၁၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၃၄

(၁၂) ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေအားလွှတ်တော်သို့ရှင်းလင်းတင်ပြခြင်း။ ၅၁

ခံစာပါ မြေယာကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်မှု အခြေအနေတို့အား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။

(၁၁) ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၉၀

(၁၂) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ဒုတိယနေ့ အစီအစဉ်ပြီးစီးကြောင်းနှင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆) ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၁၀၇

- ဆုံးဖြတ်ခြင်း ၁၀၉
- မှတ်တမ်းတင်ခြင်း ၁၁၀
- ရှင်းလင်းတင်ပြခြင်း ၁၁၆
- ဥပဒေထုတ်ပြန်ခြင်း ၁၂၀

# ရှမ်းပြည်နယ်

# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

# အထူးအစည်းအဝေး (၁/၂၀၁၆) (ပထမနေ့)မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်**

**၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ လ ၅ ရက်**

[ **အင်္ဂါနေ့** ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး(၁/၂၀၁၆)(ပထမနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးထက်မာန်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူးက လည်းကောင်းဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆) (ပထမနေ့) အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင်





## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူး အစည်းအဝေး (၁/၂၀၁၆)တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည့် နှုတ်ခွန်းဆက်စကား

**ဥက္ကဋ္ဌ။** အစီအစဉ်များကို ဆက်လက်မသွားခင်မှာ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်စကား အနည်းငယ်ပြောကြားလို ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆)သို့တက်ရောက်လာကြတဲ့ လွှတ်တော် ကိုယ်စားလှယ် များ အားလုံးကျန်းမာကိုယ်စိတ်မြဲကြပြီး ပြည်နယ်အကျိုး၊ နိုင်ငံတော် အကျိုးကို ဆထက်ထမ်းပိုးဆောင်ရွက် နိုင်ကြပါစေလို့ နှုတ်ခွန်းဆက် သအပ်ပါတယ်။ အထူးသဖြင့် ၂၀၁၆ ခုနှစ်၊ နှစ်ဦးပိုင်းမှာ ကိုယ်စားလှယ်များကို ယခုလိုစုံညီစွာတွေ့ရတဲ့အတွက် ကျက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပြီး လိုအင်ဆန္ဒ ပြည့်ဝသော မင်္ဂလာ နှစ်သစ်အခါသမယဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်း လိုက်ပါတယ်။ ဒီအထူးအစည်းအဝေးကို ဖွဲ့စည်းပုံအခြေခံပုဒ်မ ၁၇၈ နှင့် ၂၀၁၃ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၃၃ အရ ခေါ်ယူခြင်းဖြစ်ပြီး အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် ဒေသန္တရ စီမံကိန်း ဥပဒေ (မူကြမ်း)များကိုတင်သွင်းမှာဖြစ်ပါတယ်။ ဤအစည်းအဝေးဟာ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ နောက်ဆုံးအစည်းအဝေးဖြစ်နိုင် ပါတယ်။ မိမိတို့လွှတ်တော်အနေနဲ့ဥပဒေအရပေးထားတဲ့ အခွင့်အရေးများကို ရရှိသည့်အနေအထားပေါ်မူတည်ပြီး အတတ်နိုင်ဆုံး လုပ်ဆောင်ခဲ့ကြပါတယ်။ မလုပ်ဆောင်နိုင်တဲ့

လုပ်ငန်းများကို နောင်လွှတ်တော်တွေက ဆက်လက်လုပ်ဆောင်သွားကြမှာဖြစ်ပါတယ်။ ၂၀၁၆ ခု ဇန်နဝါရီလ နောက်ဆုံးပတ် (သို့မဟုတ်) ဖေဖော်ဝါရီလ ပထမပတ် အတွင်းမှာ ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးကို စတင်ခေါ်ယူရန် စီစဉ်နေပြီလည်း ဖြစ်ပါတယ်။ လွှတ်တော်က တာဝန်ယူရသော ဥပဒေပြုရေးမဏ္ဍိုင်၊ အစိုးရကတာဝန်ယူရသော အုပ်ချုပ်ရေး မဏ္ဍိုင်နှင့် တရားသူကြီးများက တာဝန်ယူရသော တရားစီရင်ရေး မဏ္ဍိုင် ၃ ရပ်ရှိသည့်အနက် ပြည်သူလူထု အများစုမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်သာ ထိတွေ့ဆက်ဆံခဲ့တာများပါတယ်။ ၂၀၁၁ ခုနှစ်နောက်ပိုင်းလွှတ်တော်ပေါ်လာမှသာ လွှတ်တော်ရဲ့ အခန်းကဏ္ဍကို စတင်သတိပြုလာတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ အများပြည်သူနှင့်တိုက်ရိုက်ထိတွေ့ စီမံခန့်ခွဲမှု တာဝန်ယူထားတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းရဲ့ ကောင်းခြင်း မကောင်းခြင်းရဲ့ ကိုယ်တွေ့ဟာ လွှတ်တော်မှာ လာရောက် ထင်ဟပ်ကြောင်း သတိပြုရမှာဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းမှာ ပြည်သူ့ကိုယ်စားလှယ်များအဖြစ် တာဝန်ယူရတဲ့ ကျွန်တော်တို့တစ်တွေဟာ လွှတ်တော် ခိုင်မာရေးနဲ့ ဒီမိုကရေစီကျင့်စဉ်များကို မှန်မှန်ကန်ကန်နဲ့ စနစ်တကျ ဆောင်ရွက်ရေးအတွက် မိမိတို့တတ်နိုင်သည့်ဘက်က ကြိုးပမ်းခဲ့ကြပြီး သမိုင်းပေး တာဝန်များကို ထမ်းရွက်ခဲ့ကြပါတယ်။ ကျွန်တော်တို့ဟာ ရောက်တဲ့ နေရာဒေသ၊ ကြုံတွေ့ရတဲ့ အခြေအနေပေါ် မူတည်ပြီး မိမိပြည်နယ်နှင့် တိုင်းရင်းသားပြည်သူများရဲ့အကျိုးကို ကြိုးပမ်းဆောင်ရွက်ကြရဦးမှာဖြစ်ပါတယ်။ထိုသို့ကြိုးပမ်း ဆောင်ရွက်ရာမှာ ဖြည့်ဆည်းပေးရမည့် ကွက်လပ်များ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။



D/real(wide) (2



နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆)ပထမနေ့မှာလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေ(၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေး ကို (၁၁၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၈၄. ၈၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၄၊အပိုဒ်ခွဲ (ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅ ၊ အပိုဒ်(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

နိဂုံးချုပ်အားဖြင့် ယနေ့ အချိန်အခါမှာ ပြည်ထောင်စုသား အားလုံး လိုလားဆန္ဒရှိနေကြတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး နှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေး ရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်နေတဲ့ အချိန်ကာလလည်းဖြစ် ပါတယ်။ တိုင်းရင်းသားများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီ အရေး၊ တန်းတူညီမျှရေးနှင့် ဥပဒေနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြဋ္ဌာန်းခွင့်ရရှိရေးတို့အတွက် ဆက်လက် ဝိုင်းဝန်း ကူညီကြပြီး ယခုကျင်းပနေတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူး အစည်းအဝေး (၁/၂၀၁၆)အား အသွင်သဏ္ဍာန်ရောအနှစ်သာရ ပါအောင်အောင်မြင်မြင်ဖြစ်အောင်ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားရင်း ကြိုဆိုနှုတ်ခွန်းဆက်သအပ်ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ အပိုဒ် (ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆) ပထမနေ့အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ် ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။





အပေါ်တွင်ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြ တောင်းခံ အပ်ပါတယ်-

(၁) ဦးဝေရှောက်ရင်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၂)ရက်။

(၂) ဦးစိုင်းလုံ၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၂)ရက်။

(၃) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၂)ရက်။

(၄) ဦးအီးရှာမွေ၊ မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၂)ရက်။

(၅) ဦးစိုင်းသန်းမောင် ၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၂)ရက်။

(၆) ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၂)ရက်။

(၇) ဒေါ်နန်းခမ်းပိုင်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၂) ရက်။

(၈) ဗိုလ်မှူးဇော်လွင်ဦး၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စ ဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့် (၂) ရက်။



D/real(wide) (3

(၉) ဗိုလ်မှူးသန်းထွန်းဦး၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့် (၂)ရက်။

(၁၀) ဗိုလ်မှူးလှထွန်းအောင် ၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စ ဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့်(၂)ရက်။

(၁၁) ဗိုလ်မှူးရဲလွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ခွင့် (၂)ရက်။

(၁၂) ဗိုလ်မှူးညီညီတင်၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ခွင့် (၂)ရက်။

(၁၃) ဗိုလ်မှူးအောင်ဇော်မျိုး၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့်(၂)ရက်။

(၁၄) ဗိုလ်မှူးမျိုးထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ခွင့် (၂)ရက်။

(၁၅) ဗိုလ်မှူးသန်းလွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ခွင့် (၂) ရက်။

(၁၆) ဗိုလ်မှူးအောင်သူခိုင်၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့်(၂) ရက်။

(၁၇) ဗိုလ်မှူး/ဗိုလ်ကြီးညီညီမင်း၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့်(၂) ရက်။



D/real(wide) (4



**အစည်းအဝေးမတက်ရောက်နိုင်သော**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ ၊ အပိုဒ်(က)အရ ခွင့်ပန်ကြားလိုသည့် ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်ကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ဝင်း၊ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ**။ အားလုံးမင်္ဂလာပါခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆)သို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်ဝကြပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဦးညွန့်ဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၆) (ပထမနေ့)သို့ အကြောင်းအမျိုးမျိုးနှင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ဖော်ပြပါ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း (၂၁ ) ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရတဲ့အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှု

(၁၈) ဗိုလ်ကြီးမြင့်ထွန်းနိုင် ၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့်(၂) ရက်။

(၁၉) ဗိုလ်ကြီးတေဇာအောင် ၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့်(၂) ရက်။

(၂၀) ဗိုလ်ကြီးဖြိုးမိုးအောင် ၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့်(၂) ရက်။

(၂၁) ဦးရှာမွေလရှဲန်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး၊ကျန်းမာရေးမကောင်းပါသဖြင့်ခွင့်(၂)ရက်။

ဒီကနေ့ ခွင့်လျှောက်ထားသူအားလုံး(၂၁)ဦးရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး(၁/၂၀၁၆) ပထမနေ့သို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ အပိုဒ်(ဂ)၊ အပိုဒ်



D/real(wide) (2



ယနေ့အထူးအစည်းအဝေး(၁/၂၀၁၆)တွင် ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပေးရေးအတွက် တင်ပြလိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ လျာထားသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ် ရငွေများ လျာထားရန်နှင့် သုံးငွေများ ခွင့်ပြုရန် လိုအပ်သည့်အခါ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို အခြေပြုလျက် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၅ အရ ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်ဖြစ်သော ဝန်ကြီးချုပ်သည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက် သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရန် လျာထားချက်ကို သတ်မှတ်ချိန်အတွင်းပြုစု၍ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရသောကြောင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက် ခွင့်ပြုငွေ တောင်းခံသော စာရင်းများအား ၁၇-၈-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ်(၁၂/၂၀၁၅) တွင် အတည်ပြုခဲ့ပြီး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅)၏ ဆွေးနွေးအတည်ပြုချက်များဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ထားသော ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက် ခွင့်ပြုငွေစာရင်းမှာ (ကျပ်သန်းပေါင်း)အနေနဲ့ သာမန်အသုံးစရိတ်

ကျပ်သန်းပေါင်း ၂၇၅၈. ၅၅၈ သန်း ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း၂၁၇၂၀. ၅၄၅ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၂၄၄၇၉. ၁၀၃သန်း ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၆-၁၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၃၀၈၅/၃၄၉-ဖြည့်စွက် ၁ - ၁၈/အဖရ(၂၀၁၅)အရ ဖြည့်စွက်ခွင့်ပြုသောငွေအား လစာစရိတ်၊ ပင်စင်၊ အတိုးပေးငွေ၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ကြွေးမြီအသုံးစရိတ်များနှင့် နိုင်ငံတော်မှ ချမှတ်ပေးထားသည့် ဦးစားပေးအစီအစဉ် (၇) ရပ်အရ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အသုံးစရိတ်များကိုသာ ကျခံသုံးစွဲရန် အကြောင်းကြားချက်အရ ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် ဖြည့်စွက်ခွင့်ပြုငွေမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၅)ကြိမ်မြောက် အစည်းအဝေး အတည်ပြုချက်အရ သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း ၁၂၂၃. ၂၂၇ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၃၆၅၀. ၇၅၈ သန်း၊ စုစုပေါင်း အသုံးစရိတ် ကျပ် ၄၈၇၃. ၉၈၅ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မူလတောင်းခံထားသည့် ဖြည့်စွက်ခွင့်ပြုငွေ သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း ၂၇၅၈. ၅၅၈ သန်း အနက် လစာစရိတ်၊ ပင်စင်နှင့် နိုင်ငံတော်ထည့်ဝင်ငွေ၊ စည်ပင်သာယာရေး အသုံးစရိတ်များပါဝင်သည့် ကျပ်သန်းပေါင်း ၁၂၂၃. ၂၂၇ သန်းသာရရှိပါတယ်။

မူလတောင်းခံထားသည့် ဖြည့်စွက်ခွင့်ပြုငွေ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်းပေါင်း ၂၁၇၂၀. ၅၄၅ သန်း အနက် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန်နှင့် စည်ပင်သာယာရေး အသုံး



D/real(wide) (6



ခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ပထမနေ့သို့ တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကအတည်ပြုပါသည်။)**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ အစီအစဉ် အရ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်း ပြောကြားပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။**

ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁/၂၀၁၆) အထူးအစည်းအဝေးကို တက်ရောက် လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။

စရိတ်များပါဝင်သည့် ကျပ်သန်းပေါင်း ၃၆၅၀. ၇၅၈ သန်းသာ ရရှိခဲ့ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ပြုပြင်ခန့်မှန်းခြေငွေစာရင်းရေးဆွဲရာမှာ ရငွေတိုးတက်မှု လျာထားချက်အရ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်၌ ပြည်နယ်အစိုးရအဖွဲ့၏ ဝန်ဆောင်မှုလုပ်ငန်းမှ ရငွေကျပ်သန်းပေါင်း ၁၇၇၆. ၂၉၄ သန်းနှင့် စည်ပင်သာယာရေး အဖွဲ့များ၏ ရငွေကျပ်သန်းပေါင်း ၂၇၇၂. ၅၁၅ သန်းအပါအဝင် ရငွေကျပ်သန်းပေါင်း ၄၈၇၃. ၉၈၅ သန်း တိုးမြှင့်ရရှိခဲ့ပါတယ်။ တိုးမြှင့် ရရှိသည့် ဝင်ငွေကျပ်သန်းပေါင်း ၄၈၇၃. ၉၈၅ သန်းအပေါ် မူတည်ပြီး နိုင်ငံတော်ဝင်ငွေအဖြစ် တိုးတက်ရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများ ပေးဆောင်ရန် အပါအဝင် စည်ပင်သာယာရေး လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်ရန် ဖြည့်စွက်ခွင့်ပြုငွေကိုလည်း ကျပ်သန်းပေါင်း ၄၈၇၃. ၉၈၅ သန်းသာ လျာထားသည့်အတွက် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ လိုငွေသည် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းအရ ကျပ်သန်းပေါင်း ၂၀၈၀၂၂. ၄၀၃ သန်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ သက်တမ်းကာလအတွင်းမှာ ပြည်နယ်၏ နှစ်စဉ်ရငွေများ တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ပြည်နယ်နှင့် ပြည်သူ့အကျိုးအတွက် နှစ်စဉ်တိုးမြှင့် သုံးစွဲခဲ့ပါတယ်။ ရငွေအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၂၅. ၉၆၉ ဘီလီယံ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၄၈. ၃၉၇ ဘီလီယံ ၂၀၁၃-၂၀၁၄ ခုနှစ် အမှန်စာရင်းအရ ကျပ် ၇၈. ၃၆၅ ဘီလီယံ ရရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ရှေ့ပြေးအမှန်စာရင်းအရ ကျပ် ၁၄၃. ၉၃၅ ဘီလီယံနှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ကျပ်



D/real(wide) (7



လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးနှင့် မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ထားပါတယ်။

ထို့ကြောင့် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများအနေဖြင့် ရငွေများကိုလည်း လျာထားသည်ထက်ပိုမိုရရှိရေး၊ သုံးငွေများကို အလေအလွင့်မရှိစေဘဲ ထိရောက်စွာသုံးစွဲရေး၊ သုံးစွဲခြင်း မပြုနိုင်သည့် ပိုလျှံငွေများကို ဆောလျင်စွာ ပြန်အပ်ရေးတို့ကို အလေးထားဆောင်ရွက်ရန် ပြည်နယ်အစိုးရအဖွဲ့မှကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်းများသည် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေး ဥပဒေဖြင့် ထပ်မံခွင့်ပြုပေးလိုက်သည့် ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြင့် အချိန်မီ သုံးစွဲနိုင်ရန် စီမံခန့်ခွဲဆောင်ရွက်ကြရပါတယ်။

ထိုအတူပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းမှာ လျာထားသော ရငွေများ၊ သုံးငွေများကို အကောင်အထည်ဖော်ကြသည့်အခါမှာ သာမန်အသုံးစရိတ်များကို စနစ်တကျ ခြိုးခြံချွေတာ၍ ထိထိရောက်ရောက် သုံးစွဲရေး၊ ငွေလုံးငွေရင်းအသုံးစရိတ်များတွင် ဝယ်ယူရေးဆိုင်ရာ၊ တည်ဆောက်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စွာသုံးစွဲရေး၊ ဌာနတွင်း စာရင်းစစ်ဆေးသည့် စနစ်ကို ကျင့်သုံးပြီး ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို စနစ်တကျ ခံယူဆောင်ရွက်သွားကြရန် လိုအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အတွင်း ပထမကာလတိုငါးနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ Public Private

Partnership (PPP) စနစ်ဖြင့် တောင်ကြီးမြို့၊ မြို့မဈေး၊ အပိုင်း ၄ အပေါ်ထပ်တွင် Super Market ဆောက်လုပ်ခြင်း၊ လားရှိုးမြို့နယ်၊ မန်ဆူဈေး(ပထမအဆင့်)အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်ခြင်း၊ တာချီလိတ်မြို့၊ ဝမ်ကောင်းမြို့မဈေးအဆင့်မြှင့်တင်ခြင်းနှင့်အပေါ်ထပ်ထပ်တိုးအဆောက်အဦ တည်ဆောက်ခြင်း၊ တောင်ကြီးမြို့ Hotel Convention ဆောက်လုပ်ခြင်း၊ မူဆယ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်း၊ တာချီလိတ်မြို့၊ ပါဆတ်ကားလေးကွင်းတည်ဆောက်ခြင်း၊ တောင်ကြီးမြို့နှင့် ကလောမြို့တို့တွင် (JICA ODA)ချေးငွေဖြင့် ဆောင်ရွက်သည့် မြို့တိုးချဲ့ရေပေးရေးလုပ်ငန်း၊ မူဆယ်မြို့၊ မြို့ပတ်လမ်း ၂ မိုင် ၃ ဖာလုံကွန်ကရစ်လမ်းအဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်း၊ တောင်ကြီးမြို့တွင် ပုဂ္ဂလိကအမှိုက်နှင့် မိလ္လာသိမ်းဆည်းခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ လားရှိုး၊ ကျိုင်းတုံ၊ တန့်ယန်း၊ တာချီလိတ်မြို့များတွင် ပုဂ္ဂလိကအမှိုက်သိမ်းဆည်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ဆဲလုပ်ငန်းများ အနေဖြင့် တောင်ကြီးမြို့၊ ကုန်ခြောက်သားငါးဈေး(Taunggyi Shopping Center )၊ပင်လောင်းမြို့နယ်၊နောင်တရားမြို့နယ်ခွဲနှင့်မိုင်းရယ်မြို့နယ်တို့တွင် မြို့မဈေးသစ်တည်ဆောက်ခြင်းလုပ်ငန်း၊ ကွတ်ခိုင်မြို့ ရေထွက်ဦးပန်းခြံ ဈေးသစ်တည်ဆောက်ခြင်းလုပ်ငန်း ၊ လားရှိုးမြို့၊ မန်ဆူဟိုတယ်ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် မန်ဆူဈေး (ဒုတိယအဆင့်) အဆင့်မြှင့်တင်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း၊ လားရှိုးမြို့အဝေးပြေးယာဉ်ရပ်နားစခန်း(နားမခေါ်) တည်ဆောက်ခြင်းလုပ်ငန်း၊ တာချီလိတ်မြို့၊ မြို့တွင်းရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်း၊ မီနီမားကက်ဆိုင်ခန်းများနှင့်အဝေးပြေးယာဉ်ဂိတ်နားနေစခန်းတည်ဆောက်ခြင်းလုပ်ငန်း





၄၃။ ၅၉၁ ဘီလီယံ လျာထားပြီး အသုံးစရိတ်အနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၄၇။ ၈၂၆ ဘီလီယံ၊ ၂၀၁၂ - ၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၉၆။ ၂၇၈ ဘီလီယံ၊ ၂၀၁၃ - ၂၀၁၄ ခုနှစ် အမှန်စာရင်းအရ ကျပ် ၁၆၃။ ၃၀၉ ဘီလီယံ သုံးစွဲခဲ့ပြီး ၂၀၁၄ - ၂၀၁၅ ခုနှစ်ရှေ့ပြေးအမှန်စာရင်းအရ ကျပ် ၃၆၆။ ၈၆၁ ဘီလီယံနှင့် ၂၀၁၅ - ၂၀၁၆ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း အရ ကျပ်သန်းပေါင်း ၂၅၁။ ၆၁၃ ဘီလီယံ သုံးစွဲရန် လျာထားပါကြောင်းတင်ပြအပ်ပါတယ်။

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားလည်ပတ်မှုအတွက် သုံးစွဲရသည့် သာမန်အသုံးစရိတ်များနှင့် နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုများအတွက် သုံးစွဲရသည့် ငွေလုံးငွေရင်း အသုံးစရိတ်များကို တိုးမြှင့် သုံးစွဲခဲ့သည့် အလျောက် ပြည်ထောင်စုက ပြည်နယ်၏ လိုငွေဖြည့်ဆည်းပေးခဲ့မှုများမှာ ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၂၃။ ၅၁၈ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၅၅။ ၀၈၂ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် အမှန်စာရင်းအရ ကျပ် ၆၇။ ၅၄၈ ဘီလီယံသုံးစွဲခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ရှေ့ပြေးအမှန်စာရင်းအရ ကျပ် ၂၂၃။ ၈၀၉ ဘီလီယံနှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအရ ကျပ် ၂၀၈။ ၀၂၂ ဘီလီယံတို့ဖြင့် ဖြည့်ဆည်းပေးခဲ့ပါကြောင်းတင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ လစာစရိတ်နှင့် အခြား အုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များပါဝင်သော သာမန်အသုံးစရိတ်ကို ဦးစားပေးစိစစ်တွက်ချက်ရေးဆွဲပြီး ကျန်ထောက်ပံ့ငွေများကို ပြည်သူကိုတိုက်ရိုက်အကျိုးပြုမည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းတူးဖော်ရေး၊

တို့ကိုလည်း လက်ရှိဆောင်ရွက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းများအနေနှင့် တောင်ကြီးမြို့အဝေးပြေးယာဉ်ရပ်နားစခန်း၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဟိုတယ်ဇုန်စီမံကိန်း၊ မူဆယ်ဗဟိုစီးပွားရေးဇုန်၊ တောင်ကြီးမြို့၊ အေးသာယာပြည်သူ့အိမ်ရာစီမံကိန်း၊ လားရှိုးမြို့ထင်းရှူးမြိုင်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတို့ကို လက်ရှိဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ပြီး စီမံကိန်းများမှာ နောင်ချိုမြို့၊ ဆင်းရွှေလီ သကြားစက်ရုံ(အင်းဝိုင်း)စီမံကိန်းနှင့် Crown တံဆိပ်ဘိလပ်မြေစက်ရုံစီမံကိန်း၊ လားရှိုးမြို့ရှောင်လမ်းစီမံကိန်းတို့ဖြစ်ပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများအနေနှင့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၊ အထက်ရဲရွာစီမံကိန်း၊ အထက်ဘီလူးချောင်းစီမံကိန်း၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)တို့ဖြစ်ပြီး ဆောင်ရွက်ပြီးလုပ်ငန်း စီမံကိန်းများမှာ တောင်ကြီးဆေးတက္ကသိုလ်စီမံကိန်း၊ အားကစားနှင့်ကာယပညာသိပ္ပံ၊ မြို့ကြီးဆည်တည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်းတို့ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနှင့် ၂၀၁၁- ၂၀၁၂ ခုနှစ်မှစ၍ ယခု ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကြီး ၈ ခုကိုလည်း ဦးစားပေးလုပ်ငန်းများအဖြစ် ရှမ်းပြည်နယ်ကျေးလက်ဒေသ





## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆) ပထမနေ့မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ပြောကြားသည့် မိန့်ခွန်းကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင် ၊ ဘဏ္ဍာရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ တာဝန်ရှိ ပုဂ္ဂိုလ်များ

အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါသည်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ တင်သွင်းမည့် အစီရင်ခံစာနှင့် ဥပဒေတွေကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အရေးကြီးတဲ့ နေရာ တွေမှာ အသေးစိတ်ရှင်းပြမှာဖြစ်ပြီး အချို့တွေကိုတော့ လိုအပ် သလိုတင်ပြပေးသွားမှာဖြစ်ကြောင်း ကြိုတင်အစီရင်ခံ ပန်ကြားအပ်ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများကို ၁၉-၈-၂၀၁၅ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅)မှာ အတည်ပြုချက်ရယူခဲ့ပြီးဖြစ်ပါ၍ ၎င်းစာရင်းများအား ဥပဒေအဖြစ် ပြည်နယ်လွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅)မှာ အတည်ပြုချက်ရယူထားတဲ့ ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာ သာမန်အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၂၇၅၈.၅၅၈ သန်းဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၂၁၇၂၀.၅၄၅ သန်းဖြစ်တဲ့အတွက် စုစုပေါင်း အသုံးစရိတ်အနေဖြင့် ဖြည့်စွက်မှာ လွှတ်တော်ကိုတင်ပြထားခြင်းသည် ကျပ်သန်းပေါင်း ၂၄၄၇၉.၁၀၃ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယသမ္မတ၏ စိစစ်ချက်အရ ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေခွင့်ပြုရာတွင် လစာစရိတ်၊ ပင်စင်၊ အတိုးပေးငွေ၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊





နေရာအနှံ့တွင် ပြည်သူလူထုများ၏ လိုအပ်ချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက်ဦးစားပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေဖူလုံစွာ ရရှိရေး၊ လျှပ်စစ်မီး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအပါအဝင် တိုင်းရင်းသား ပြည်သူတွေလိုအပ်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ ပါ ဥပဒေပြုရေးနှင့်စပ်လျဉ်းပြီး ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးသော ဥပဒေများမှာ ဒေသန္တရစီမံကိန်းဥပဒေ ၅ ခု၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ ၄ ခု၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ၄ ခု၊ အများနှင့် သက်ဆိုင်သည့် ဥပဒေ ၁၂ ခု၊ စုစုပေါင်း ၂၅ ခုကို အတည်ပြုပြဋ္ဌာန်း ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဌာနဆိုင်ရာများနှင့် အခြားအဖွဲ့အစည်းများ၊ ကုမ္ပဏီများအကြား ချုပ်ဆိုသည့် သဘောတူစာချုပ်များ၊ နားလည်မှု စာချွန်လွှာများ ၂၄ ခုကိုလည်း စိစစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် သတ်မှတ်ပေးထားသော ဘတ်ဂျက်လျာထားချက်များကို စနစ်တကျသုံးစွဲ ဆောင်ရွက်ပြီး စီမံကိန်း ရည်မှန်းချက်များကို ပြည့်မီအောင် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဝန်ကြီးများမှလည်း ဝန်ကြီးဌာနအလိုက် တာဝန်ယူဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍လည်း ရှင်းလင်းတင်ပြသွားမှာဖြစ်ကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ကြွေးမြီအသုံးစရိတ်များနှင့် နိုင်ငံတော်မှ ချမှတ်ထားသည့် ဦးစားပေး အစီအစဉ် ၇ ရပ်အရ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အသုံးစရိတ်များကိုသာကျခံသုံးစွဲရမှာဖြစ်သည်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏အကြောင်းကြား ချက်အရ ပြင်ဆင်ရေးဆွဲထားသည့် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းဟာဖော်ပြပါအတိုင်းဖြစ်ပါတယ်။ သာမန်အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၁၂၂၃. ၂၂၇ သန်းဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၃၆၅၀. ၇၅၈ သန်းဖြစ်တဲ့အတွက် စုစုပေါင်းဖြည့်စွက်ခွင့်ပြုငွေပြန်လည် ပြင်ဆင်ရေးဆွဲခြင်းဟာ ကျပ်သန်းပေါင်း ၄၈၇၃. ၉၈၅ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ လိုငွေဖြည့်ဆည်းပေးခြင်းအတွက် ထောက်ပံ့ငွေများ ပါဝင်တဲ့ ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆၅)အား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃(ခ)နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိတဲ့ ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ၃၅ အရ ပြဋ္ဌာန်းထားတာကတော့ ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်ဖြင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းရမှာဖြစ်ပါသည် ဆိုပြီးပါရှိပါတယ်။ ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ်





အနေဖြင့် ၁၂၂၃. ၂၂၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၃၆၅၀. ၇၅၈ သန်းဖြစ်တဲ့အတွက် ဖြည့်စွက်ခွင့်ပြုငွေသည် ကျပ်သန်းပေါင်း ၄၈၇၃. ၉၈၅ သန်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်ရှင်းလင်းချက်ပဲဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်းမှာ အစိုးရအဖွဲ့က သာမန်အသုံးစရိတ်အနေနဲ့ ငွေလုံးအသုံးစရိတ်ကို တင်ပြထားပြီး စုစုပေါင်း ကျပ်သန်းပေါင်း ၁၅၁၂ . ၃၇၁ သန်းဖြစ်ပါတယ်။ သာမန်အသုံးစရိတ်အတွက် နယ်နိမိတ်စိုက်ထူခြင်း၊ ရုပ်ရှင်လုပ်ငန်းရဲ့ လစာအသုံးစရိတ်များအတွက် တောင်းခံထားခြင်းဖြစ်ပါတယ်။ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ပြည်နယ်အစိုးရအဖွဲ့ရုံးဆောက်လုပ်ခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ရန်အတွက် တင်ပြတောင်းခံထားခြင်းဖြစ်ပါတယ်။ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် သာမန်အသုံးစရိတ် ၈၄၅. ၅၄၃ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၂၉၇. ၈၀၉ သန်း၊ စုစုပေါင်း ဖော်ပြပါအတိုင်း ၁၁၄၃. ၃၅၂ သန်း ဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ ဦးစီးဌာန ဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှသာမန်အသုံးစရိတ်တောင်းခံထားခြင်း မရှိပါဘူး။ငွေလုံးငွေရင်းအသုံးစရိတ်ကိုကုန်သွယ်လုပ်ငန်း ခွန် ၅% ပေးဆောင်ရန်အတွက် တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ငွေလုံးငွေရင်း အသုံးစရိတ် တင်ပြတောင်းခံထားပြီး ကုန်သွယ် လုပ်ငန်းခွန် ၅% ပေးဆောင်ရန်အတွက်ဖြစ်ပါတယ်။

မီးသတ်ဦးစီးဌာနမှ ငွေလုံးငွေရင်းအသုံးစရိတ် တင်ပြတောင်းခံထားပြီးကုန်သွယ်လုပ်ငန်းခွန် ၅%ပေးဆောင်ရန်အတွက်ဖြစ်ပါတယ်။

ပတ်ဝန်းကျင်နှင့်သစ်တောရေးရာဝန်ကြီးအောက်မှာရှိတဲ့ သစ်တောဦးစီးဌာနမှ ငွေလုံးငွေရင်းအသုံးစရိတ် ၂၈. ၇၄၉ သန်း တင်ပြတောင်းခံထားပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကလောမြို့နယ်ထင်းရှူးစိုက်ခင်း ၁၉၅ ဧက စိုက်ပျိုးရန်အတွက် ပျိုးစင်တည်ဆောက်ခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ၅%ပေးဆောင်ရန် အတွက် ဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်မှာရှိတဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် သာမန်အသုံးစရိတ် ၄. ၇၀၀ တင်ပြတောင်းခံထားပါတယ်။ သုံးစွဲခအနေဖြင့် ကြော်ငြာခ၊ ဘဏ်ဆောင်ရွက်ခ၊ စာပို့ခနှင့်ပုံနှိပ်ခများအတွက် တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။

အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် ငွေလုံးငွေရင်းအသုံးစရိတ် တင်ပြတောင်းခံထားပါတယ်။ ကုန်သွယ်လုပ်ငန်းခွန် ၅%အတွက်ဖြစ်ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနမှ သာမန်အသုံးစရိတ် ၀. ၃၇၂ သန်း တင်ပြတောင်းခံပြီး လစာစရိတ်နှင့်ပင်စင်လစာအတွက် လိုအပ်သောငွေအားတောင်းခံထားခြင်းဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စုစုပေါင်းအသုံးစရိတ် ၉၄၀. ၄၇၁ သန်းတင်ပြ တောင်းခံထားပါတယ်။ ဝန်ကြီးဌာနအောက်မှာရှိတဲ့ ဦးစီးဌာနအနေနဲ့ သာမန်အသုံးစရိတ်၊ မြို့ပြနှင့်အိမ်ရာသာမန် အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်း ၁၃၆. ၀၁၇ သန်းဖြင့် သာမန်အသုံးစရိတ်အနေဖြင့် လစာစရိတ်၊ ချီးမြှင့်ငွေ၊ လုပ်အားခများနှင့် လျှပ်စစ် ဓာတ်အားခများ တောင်းခံခြင်းဖြစ် ပါတယ်။ ငွေလုံးငွေရင်းကုန်သွယ်လုပ်ငန်းခွန် ၅%ပေးဆောင်ရန် အတွက် တင်ပြတောင်းခံထားခြင်းဖြစ်ပါတယ်။





အတွင်း ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများမှ မူလခွင့်ပြုငွေဖြင့် မလုံလောက်တဲ့အတွက်ကြောင့် တင်ပြတောင်းခံတဲ့နေရာမှာ ခွင့်ပြုသည့် ဖြည့်စွက်ခွင့်ပြုငွေဟာ ကျပ်သန်းပေါင်း ၄၈၇၃. ၉၈၅ သန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၂-၁၂-၂၀၁၅ ရက်နေ့ ပုံမှန်အစည်းအဝေး (၁၉/၂၀၁၅) အတည်ပြုချက်အရ ပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းအနေဖြင့် ဌာနအဖွဲ့အစည်းများမှာပါဝင်တဲ့ ဗဟိုအဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ်သည် ၇၅. ၆၅၀ သန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်အနေဖြင့် ၁၄၃၆. ၇၂၁ သန်းဖြစ်တဲ့အတွက် ဗဟိုအဖွဲ့အစည်း၏ စုစုပေါင်းအသုံးစရိတ်သည် ကျပ်သန်းပေါင်း ၁၅၁၂. ၃၇၁ သန်းဖြစ်ပါတယ်။ ဦးစီးဌာနများအနေဖြင့် သာမန်အသုံးစရိတ်အနေနဲ့ ၃၆. ၀၁၇ သန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ၂၉၇. ၈၀၉ သန်းဖြစ်တဲ့အတွက် ဦးစီးဌာနများ၏ စုစုပေါင်းဖြည့်စွက်ခွင့်ပြုငွေစာရင်းသည် ၃၃၃. ၈၂၆ သန်း၊ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် သာမန်အသုံးစရိတ်ကို ၈၀၉. ၅၂၆ သန်း တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ် တင်ပြတောင်းခံထားခြင်းမရှိတဲ့အတွက် စုစုပေါင်း ၈၀၉. ၅၂၆ သန်းရှိကြောင်းတင်ပြအပ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့ သာမန်အသုံးစရိတ် ၃၀၂. ၀၃၄ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၁၉၁၆. ၂၂၈ သန်း ၊ စုစုပေါင်း ၂၂၁၈. ၂၆၂ သန်းဖြစ်ပါတယ်။ စုစုပေါင်း သာမန်အသုံးစရိတ်

ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် သာမန်အသုံးစရိတ် ၈၀၄. ၄၅၄ သန်းတင်ပြတောင်းခံထားပါတယ်။ ငွေလုံးငွေရင်း တင်ပြ တောင်းခံထားခြင်းမရှိပါဘူး။ သာမန်အသုံးစရိတ်အနေဖြင့် သုံးစွဲရန် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၏ အမှန်စာရင်းအရ အမြတ်ပိုမိုရရှိ၍ နိုင်ငံတော်ထည့်ဝင်ငွေနှင့်ဝင်ငွေခွန်ပေးဆောင်ရန် အတွက် တင်ပြတောင်းခံထားခြင်းဖြစ်ပါတယ်။

စည်ပင်သာယာရေးမှ သာမန်အသုံးစရိတ် ၃၀၂. ၀၃၄ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၁၉၁၆. ၂၂၈ သန်း တင်ပြ တောင်းခံထားတဲ့အတွက် စုစုပေါင်း ၂၂၁၈. ၂၆၂ သန်းဖြစ်ပါတယ်။ သာမန်အသုံးစရိတ်မှာ တိုးမြှင့်ရရှိသည့် ဝင်ငွေမှ ပြန်လည် သုံးစွဲခြင်း အတွက် တင်ပြတောင်းခံထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်စုစုပေါင်း ဗဟိုအဖွဲ့အစည်းရှိ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအားလုံး စုစုပေါင်း သာမန်အသုံးစရိတ် ၁၂၂၃. ၂၂၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၃၆၅၀. ၇၅၈ သန်း၊ စုစုပေါင်းဖြည့်စွက်ခွင့်ပြုငွေ ၄၈၇၃. ၉၈၅ သန်း ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများမှ ဖြည့်စွက် ခွင့်ပြုငွေ တောင်းခံပြီးနောက် ဖြစ်ပေါ်လာတဲ့ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေရငွေ တနည်းအားဖြင့် R.E ဖြစ်ပါတယ်။ သုံးငွေအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) ရငွေမှာ မူလခန့်မှန်းခြေ ကျပ်သန်းပေါင်း ၃၈၇၁၆. ၆၆၆ သန်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ကျပ်သန်းပေါင်း ၄၃၅၉၀. ၆၅၁ သန်း၊ ပိုငွေ ကျပ်သန်းပေါင်း ၄၈၇၃. ၉၈၅

( ခ) အသုံးစရိတ်မှာ မူလခန့်မှန်းခြေ ၂၄၆၇၃၉. ၀၆၉ သန်း ၊ ပြုပြင်ပြီးခန့်မှန်းခြေ ကျပ်သန်းပေါင်း





ဖြည့်စွက်ခွင့်ပြုငွေများကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထားသော ရန်ပုံငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲပြီးနောက် ထပ်မံလိုအပ်ပါ သောကြောင့် ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေ ပုဒ်မ ၄(က)(ခ)၊ ၈(က)၊၁၀(ဃ)(င) ပါပြဋ္ဌာန်းချက် များနှင့်အညီ ဖြည့်စွက်ခွင့်ပြုငွေ ခွင့်ပြုနိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စားတင်သွင်းအပ်ပါသည်။

ဖော်ပြပါ ဥပဒေကြမ်းကတော့ ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းဖြစ်ပါတယ်။ ဥပဒေအမှတ်ကတော့ ရှမ်းပြည်နယ်လွှတ်တော်မှာ အတည်ပြုပြီးလျှင် ဥပဒေအမှတ် ထွက်ရှိလာမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပါဝင်လာမှာဖြစ်ပါတယ်။ အခန်း (၂)ခန်းပါဝင်မှာဖြစ်ပါတယ်။ ပထမ အခန်း(၁)က အမည်နှင့် အကျိုးသက်ရောက်သည့်ကာလဖြစ်ပါတယ်။ အခန်း(၂)က နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုပြီးပါပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရား လွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဦးစီး ဌာနများ၊ ပြည်နယ် အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေး အဖွဲ့များနှင့်စပ်လျဉ်း၍ ဇယား ၁၊ ၂၊ ၃၊ ၄ တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီး

သည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်ဟု ပြဋ္ဌာန်း ထားပါတယ်။

ပုဒ်မ ၂(က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

ပုဒ်မ၃(က)တွင် ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန် ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

ပုဒ်မ ၃(ခ)တွင် သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက် ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက်မှာ ပါဝင်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်ဟု ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပြီးသည့်အခါမှာ ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီး ထုတ်ပြန်ပေးသွားမည့်အကြောင်း တင်ပြအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃(ခ)၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၅ နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅ တို့နှင့်အညီ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေး နှစ် ရှမ်းပြည်နယ်၏





၂၅၁၆၁၃. ၀၅၄ သန်း ၊ ပိုငွေ ကျပ်သန်းပေါင်း ၄၈၇၃. ၉၈၅ သန်း

(ဂ) လိုငွေမှာ မူလခန့်မှန်းခြေ ၂၀၈၀၂၂. ၄၀၃ သန်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ကျပ်သန်းပေါင်း ၂၀၈၀၂၂. ၄၀၃ သန်းဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေမှာလည်း ပြောင်းလဲမှု မရှိကြောင်း တင်ပြအပ်ပါတယ်။

စာရင်းချုပ်တွင် မူလခန့်မှန်းခြေ၊ ဖြည့်စွက်ခွင့်ပြုငွေ၊ ပြုပြင်ပြီးခန့်မှန်းခြေကို နှိုင်းယှဉ်ပြီးတော့ သီးခြားစီ ဖော်ပြထားပြီး စုစုပေါင်းသာမန်အသုံးစရိတ်အနေဖြင့် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းမှာ ရငွေဖော်ပြပါအတိုင်း ကျပ်သန်းပေါင်း ၄၃၅၉၀. ၆၅၁ သန်းဖြစ်ပြီး သုံးငွေအနေဖြင့် ကျပ်သန်းပေါင်း ၈၁၂၁၆. ၉၃၀ သန်း၊ သာမန်အသုံးစရိတ်အနေဖြင့် လိုငွေ ၃၇၆၂၆. ၂၇၉ သန်းရှိကြောင်းတင်ပြအပ်ပါတယ်။

ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းမှာ ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၁၇၀၃၉၆. ၁၂၄ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ဖော်ပြပါအတိုင်း လိုငွေကျပ်သန်းပေါင်း ၁၇၀၃၉၆. ၁၂၄ သန်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ ဖြည့်စွက်ခွင့်ပြုငွေကျပ် ၄၈၇၃. ၉၈၅ သန်းတောင်းခံထားမှုမှာ ရငွေပိုမိုရရှိမှုပေါ်မူတည်၍ ခွင့်ပြုငွေဘောင်အတွင်း သတ်မှတ်ခွင့်ပြုထားသော အသုံးစရိတ်အမျိုးအစား ၊ လုပ်ငန်းအမျိုးအစားများအတွက် တောင်းခံထားခြင်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေအရ လိုငွေကျပ် ၂၀၈၀၂၂. ၄၀၃ သန်းသည် မူလခန့်မှန်းခြေလိုငွေ အတိုင်းသာဖြစ်၍ ပြည်ထောင်စုမှထောက်ပံ့ငွေအဖြစ် ထောက်ပံ့ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဆွေးနွေးလိုသောလွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။**

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေး နှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ရက်နေ့ ဗုဒ္ဓဟူးနေ့မှာဆွေးနွေးပါမယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ညနေပိုင်းမှာ ပြည်နယ် လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။





၂၀၂၀ - ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အထိ ဒုတိယကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်ပါတယ်။ ဤဥပဒေတွင် ဖော်ပြထားသော ဦးတည်ချက်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ချမှတ်ထားသော မူဝါဒများနှင့်အညီ ရှမ်းပြည်နယ်၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အနေဖြင့် စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဘိုး ဂျီဒီပီကို ပုံမှန်ဈေးနှုန်းအရ ကျပ်သန်းပေါင်း ၃၇၆၉၅၉၂ သန်း၊ ဘီလီယံအားဖြင့် ၃၇၆၉. ၅ ဘီလီယံရရှိရန်နှင့် စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇. ဝ ရာခိုင်နှုန်း တိုးတက် ဖြစ်ပေါ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်တွင် ကဏ္ဍကြီးများ၏ ပါဝင်မှု အချိုးအစားကိုလည်း ၂၀၁၅-၂၀၁၆ နှစ်ကုန် ခန့်မှန်းခြေနှိုင်းယှဉ်ပြီးတော့ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို နှစ်အလိုက် ဈေးနှုန်း အရ ၃၇. ၅ ရာခိုင်နှုန်းမှ ၃၅. ဝ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးမှာ ပါဝင်မှုအချိုးအစားကို ၂၃. ၅ ရာခိုင်နှုန်းမှ ၂၆. ၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉. ဝ ရာခိုင်နှုန်းမှ ၃၈. ၄ ရာခိုင်နှုန်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရန် ရည်မှန်းထားပါတယ်။ ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၁. ၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုရာခိုင်နှုန်းကို ၁၈. ၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၅. ၄ ရာခိုင်နှုန်းအသီးသီး တိုးတက်စေရန် ရည်မှန်းထားပါတယ်။ ကဏ္ဍတစ်ခုခြင်းအလိုက် အထက်ဖော်ပြပါကဏ္ဍပေါင်းရဲ့ ကဏ္ဍတစ်ခုချင်းအလိုက်မှာ ရှမ်းပြည်နယ်မှာ ကဏ္ဍကြီး ၁၃ ခုရှိပါတယ်။ အားလုံးပေါင်းလျှင် ဘီလီယံ ၃၇ဝဝ ဘီလီယံရရှိအောင် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အဓိကကဏ္ဍထဲမှာ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီပွားရေးကဏ္ဍ၊ ငှါးရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍဆိုပြီးတော့ ကဏ္ဍာကြီး ၁၄ ရပ်မှာ စွမ်းအင်ကဏ္ဍကတော့ ရှမ်းပြည်နယ်မှာ မပါဝင်တာဖြစ်တဲ့အတွက် ကဏ္ဍ ၁၃ရပ်နှင့် ဂျီဒီပီကို ထည့်သွင်းဆောင်ရွက်ပေးသွားရတာဖြစ်ပါတယ်။ ကဏ္ဍတစ်ခုချင်းအနေနှင့် စာအုပ်ဥပဒေကြမ်းမှာ ပေးသွင်းပြီးဖြစ်တဲ့အတွက် မတင်ပြပေမဲ့ ကဏ္ဍတစ်ခုချင်း၏ ရည်မှန်းချက်ပါဝင်ပါတယ်။ အဓိကကတော့ မူဝါဒဖြစ်ပါတယ်။ရည်မှန်းချက် လုပ်ငန်းစဉ် အစဉ်လိုက်ပါဝင်ထားပါတယ်။ ဒီကဏ္ဍ ၁၄ ခု ၂၀၁၆-၂၀၁၇ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်နှင့် ဆောင်ရွက်ပြီးတော့ ရရှိလာတဲ့ Data တွေကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနက Focal လုပ်ပြီးတော့ ထည့်သွင်းပြီး နိုင်ငံတစ်ခု ဒေသတစ်ခု၊ ပြည်နယ်တစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးကို နှိုင်းယှဉ်ဆောင်ရွက်ပေးသွားရမှာဘဲဖြစ်ပါတယ်။

ဒါကတော့ကဏ္ဍအသီးသီးဖြင့် ဖော်ပြခြင်းဖြစ်ပါတယ်။ (၁)လယ်ယာကဏ္ဍ၊ (၂)သားငါးကဏ္ဍ၊ (၃)သစ်တောကဏ္ဍ၊ (၄)သစ်တောသတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၊(၅)စက်မှုလက်မှုကဏ္ဍ၊ (၆)လျှပ်စစ်ဓာတ်အားကဏ္ဍဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အားကဏ္ဍမှာ မူဝါဒတွေ ရည်မှန်းချက်တွေ လုပ်ငန်းစဉ်တွေဟာ ပြည်သူတွေရဲ့ တိုက်ရိုက် ထိတွေ့မဲ့ မီးရရှိမဲ့ ရည်မှန်းချက်တွေ မူဝါဒတွေ ထည့်သွင်းထားတာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိနယ်မြေဒေသကို ရောက်တဲ့အခါမှာ မူဝါဒတွေလုပ်ငန်းစဉ်တွေနဲ့ဆောင်ရွက်သွားရင်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍကို ရည်မှန်းနိုင်တယ်


D/real(wide) (1



## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေး နှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အား ပြည်နယ် လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးမှ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့်စီပွားရေးဝန်ကြီး။** လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆)တွင် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်စား ရှမ်းပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ကျွန်တော်ဦးအောင်ကျော်ညွန့်မှ တင်သွင်းသွားမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀ (ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကတင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်းကို သတ်မှတ် ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟူသော ပြဋ္ဌာန်းချက်အရ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ ယခု တင်သွင်းတဲ့ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ

ဆိုတာကို High Light လုပ်ပြီးတင်ပြခြင်းဖြစ်ပါတယ်။

(၇)ဆောက်လုပ်မှုကဏ္ဍ၊ (၈) ပို့ဆောင်ရေးကဏ္ဍ၊ (၉) ဆက်သွယ်ရေးကဏ္ဍ (၁၀)ငွေရေးကြေးရေးကဏ္ဍ ဖြစ်ပါတယ်။ နှစ်အလိုက် ၂၀၁၅-၂၀၁၆ မှာလည်း ဆောင်ရွက်ထား တာနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာလည်း နှိုင်းယှဉ်ပြီးတော့ တိုးတက်မှုနှုန်းတွေကိုလည်း ဖော်ပြထားပါတယ်။(၁၁)လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ (၁၂)ငှါးရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၊ (၁၃)ကုန်သွယ်မှုကဏ္ဍတို့ဖြစ်ပါတယ်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ဥပဒေမတင်ပြခင်မှာ ပြည်ထောင်စု၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုဆိုပြီး ဥပဒေ(မူကြမ်း)မှာ ပူးတွဲ ၁၊၂၊၃၊၄ဆိုပြီးတော့ နောက်ဆက်တွဲနှင့် တင်ပြထားပါတယ်။ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၁၅၄ ကို ဘဏ္ဍာရေးနှစ်မှာသုံးစွဲထားတဲ့ငွေကိုလည်း ထည့်သွင်းတင်ပြထားခြင်း ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ စီမံကိန်းရည်မှန်းချက်များသည် ပြည်သူ လူထု၏ လိုအပ်ချက်များဖြစ်သော လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ စိုက်ပျိုးရေးအခြေခံအဆောက်အဦ၊ ပညာရေး၊ ကျန်းမာရေး အလုပ်အကိုင်ရရှိရေးစသည့် ဦးစားပေးအစီအစဉ်များကို မူတည်ရေးဆွဲထားတာဖြစ်ပါတယ်။ ဥပဒေမူကြမ်းမှာ စာမျက်နှာ ၁၇ မျက်နှာနှင့်အခန်း ၅ ခန်းပါပြီး ဥပဒေအားဖြင့် ၂၃ ခု ပါဝင်ပါတယ်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ရှမ်းပြည်နယ်၏ စီမကိန်း ဥပဒေ(မူကြမ်း)အား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။





**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ရှမ်းပြည်နယ်၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ အချက်အလက်များ ဖြစ်ပေါ်တိုးတက်မှုများနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လူမှုရေးကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီအစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ CD ခွေဖြင့် ဖြန့်ဝေပြီးသားဖြစ်တဲ့ အတွက် ကျွန်တော့် အနေနဲ့ အတတ်နိုင်ဆုံး အကျဉ်းချုံးပြီးတော့ တင်ပြသွားမှာဖြစ်ပါကြောင်း ဦးစွာပဏာမ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်၏ ဖွဲ့စည်းမှုကို တင်ပြထားခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၅၅ မြို့နယ်နှင့် ကျေးရွာပေါင်း ၁၃၄၆၉ ရွာနှင့် ဖွဲ့စည်း ထားသည့် ပြည်နယ်ကြီးတစ်ခုဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များအရ ရှမ်းပြည်နယ်မှာ လူဦးရေ စုစုပေါင်း ၅၈၂၄၄၃၂ ဦး ရှိပါတယ်။ စာတတ်မြောက်မှု ရာခိုင်နှုန်းအနေနဲ့ မြန်မာနိုင်ငံမှာ စာတတ်မြောက်မှု ရာခိုင်နှုန်း ၈၉.၅% ရှိသည့် အထဲမှာ ရှမ်းပြည်နယ်အနေနဲ့ ၆၄.၆% သာရှိတဲ့အတွက် အများကြီး ကြိုးစားဖို့လိုအပ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။ ရေကောင်း

ရေသန့်သောက်သုံးသည့် အိမ်ထောင်စုအနေနဲ့ မြန်မာနိုင်ငံမှာ ၆၉. ၅% ရှိတဲ့အထဲမှာ ရှမ်းပြည်နယ်ကတော့ ၅၄. ၇၂% ပဲရှိတဲ့အတွက် အများကြီးကြိုးစားဖို့ လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှုအနေနဲ့ မြန်မာနိုင်ငံမှာ ၇၄. ၃% ရှိပြီး ရှမ်းပြည်နယ် အနေနဲ့ ၆၃. ၈% သာရှိတဲ့အတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ဖို့လိုအပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးကဏ္ဍဆိုင်ရာအချက်အလက်များကို တင်ပြရမည်ဆိုလျှင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ရှမ်းပြည်နယ် အတွင်းမှာ အထက်တန်းအဆင့်သင်ကျောင်းပေါင်း ၃၄၀၊ အလယ်တန်းအဆင့်သင်ကျောင်းပေါင်း ၄၄၈ ကျောင်း၊ မူလတန်း အဆင့်သင်ကျောင်းပေါင်း ၅၀၀၈ ကျောင်းရှိသည့်အတွက် စုစုပေါင်းအခြေခံပညာကျောင်းပေါင်း ၅၇၉၆ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တောင်ကြီးဒေသ၊ လားရှိုးဒေသ၊ ကျိုင်းတုံဒေသမှာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကနေ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ ကျောင်းအဆင့်အလိုက် ဖွင့်လှစ်ထားမှု တင်ပြ ထားသည့် ဇယား ဖြစ်ပါတယ်။ နှစ်အလိုက် ကျောင်းများ တိုးတက်မှု အနေနဲ့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ အထက်တန်းကျောင်း ၁၄၉ ကျောင်းရှိရာမှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာတော့ အထက်တန်းကျောင်း ၂၂၁ ကျောင်း ရှိလာသည့်အတွက် အထက်တန်းကျောင်းပေါင်း ၇၂ ကျောင်း တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ ပါတယ်။ နှစ်အလိုက် ကျောင်းအကျဉ်းချုပ်ကို တင်ပြရမည်ဆိုလျှင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ ကျောင်းပေါင်း ၄၇၆၉ ကျောင်း ရှိရာမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ ၅၃၆၂ ကျောင်း ဖြစ်သည့်အတွက် ၅၉၃ ကျောင်း တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ ပါတယ်။ အခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ကျောင်းပေါင်း ၅၇၆၉





## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ ဗုဒ္ဓဟူးနေ့မှာဆွေးနွေးပါမယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေး ရပ်နားတဲ့အခါမှာ ဒီကနေ့ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အတွင်း လူမှုရေးကဏ္ဍဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁) ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍဆောင်ရွက်ချက်များအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

ကျောင်း ဖြစ်သည့်အတွက် ၅ နှစ်တာ ပညာသင်နှစ် ကာလမှာ ကျောင်းပေါင်း ၁၀၉၇ ကျောင်း တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအဆင့် တိုးမြှင့် ဖွင့်လှစ်ခွင့်ရသည့် ကျောင်းများ အနေနဲ့ အထက်တန်းအဆင့် ကျောင်းပေါင်း ၇ ကျောင်း အပါအဝင် စုစုပေါင်း ကျောင်းပေါင်း ၄၈၁ ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ် ရရှိကြောင်း တင်ပြအပ် ပါတယ်။ စုစုပေါင်း ပညာသင်နှစ် ၅ နှစ်တာ ကာလအတွင်းမှာ ကျောင်းပေါင်း ၂၈၈၃ ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ ပါကြောင်း တင်ပြအပ် ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ရှမ်းပြည်နယ်အတွင်းမှာ ရှိသည့် ဆရာ/ဆရာမ အင်အားအနေနဲ့ ခွင့်ပြု ၃၉၆၅၉ ဦးမှာ ခန့်ထား ၃၃၆၈၇ ဦးရှိသည့်အတွက် လစ်လပ် ၅၉၇၂ ဦး ရှိပါတယ်။

မူလတန်း ကျောင်း ၉၄၀၊ အထက်တန်းပြ ၉၄၀၊ မူလတန်းပြ ၃၆၃၀ ဦး လက်ရှိ ပညာသင်နှစ်မှာ လစ်လပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နှစ်အလိုက် ဆရာ/ဆရာမဦးရေများ အနေနဲ့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ ၂၄၅၂၆ ယောက်ရှိရာ ယခုလက်ရှိ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ၃၃၆၈၇ ဦး ရှိသည့်အတွက် ၅ နှစ်တာပညာသင်နှစ်အတွင်းမှာ ဆရာ/ဆရာမ ပေါင်း ၉၁၂၆ ဦး တိုးမြှင့်ခန့်ထားပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ် ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာတော့ ရှမ်းပြည်နယ် အတွင်းမှာ ကျောင်းသား အင်အား အနေနဲ့ အထက်တန်းအဆင့် ကျောင်းသားပေါင်း ၆၁၆၈၄ ဦး၊ အလယ်တန်းအဆင့်သင် ကျောင်းသားပေါင်း ၂၂၃၀၆၃ ဦး၊မူလတန်းအဆင့်သင် ကျောင်းသားပေါင်း ၅၂၀၃၅၃ ဦး ရှိသည့်အတွက် စုစုပေါင်း အခြေခံ ပညာကျောင်းတွေမှာ ကျောင်းသား ကျောင်းသူပေါင်း ၈၀၅၀၈၂ ဦး ပညာသင်ကြားလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။





စာရင်း ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ ၃၀၂၅ ဒါဇင်၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ၆၇၀၀ ဒါဇင်၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ၁၇၁၆၀ ဒါဇင်၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ၂၉၆၀၀ ဒါဇင် စုစုပေါင်း ပညာသင် နှစ် ၄ နှစ်တာကာလအတွင်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ဗလာစာအုပ် ၅၆၄၈၅ ဒါဇင် ဖြန့်ဝေပေးခဲ့ပါတယ်။ စာအုပ်ဒါဇင်များ ကိုတော့ အလယ်တန်း အဆင့်နှင့် အထက်တန်းအဆင့်မှာရှိသည့် နွမ်းပါးသည့် ကျောင်းသားများကို ဖြန့်ဝေထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာကျောင်းများ ပညာသင် နှစ်အလိုက် စာရေးစားပွဲများ၊ ခုံများ ထောက်ပံ့မှု အခြေအနေ ဖြစ်ပါ တယ်။ဒီ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ပြုလုပ်ဖြန့်ဝေသည့် စာသင်ခုံများ လေးယောက် ထိုင် ခုံမြင့် ၅၅၁၈ ခုံ၊ ခုံအနိမ့် ၉၄၁၇ ခုံ အပါအဝင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ အနေနဲ့ သုံးယောက်ထိုင် ၁၇၃၄၈ စုံ၊ စုစုပေါင်း ပညာသင်နှစ် ၅ နှစ်တာကာလအတွင်းမှာ စာရေးစားပွဲ ကုလားထိုင် ၆၇၁၉၄ စုံ၊ အခြေခံပညာကျောင်းများကို ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။

ကျောင်းဆောင်သစ်များ ဆောက်လုပ် မှု အနေနဲ့ နီပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့မှ ရှမ်းပြည်နယ် အတွင်းမှာ တောင်ကြီးဒေသ၊ လားရှိုးဒေသ အပါအဝင် စုစုပေါင်း ကျောင်း ဆောင်ပေါင်း ၉၂ ကျောင်း ဆောက်လုပ်လှူဒါန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ရှမ်းပြည်နယ် တောင်ကြီးဒေသမှာ ဆောက်လုပ်ခွင့်ပေးသည့် ကျောင်း ၁၀ ကျောင်း အမည်စာရင်း တင်ပြထားခြင်း ဖြစ်ပါတယ်။ လားရှိုးဒေသမှ ကျောင်း ၁၀ ကျောင်း အမည်စာရင်းကို တင်ပြ ထားခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မှာ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်

၄ ခု ရှိပါတယ်။ တောင်ကြီးတက္ကသိုလ်၊ လားရှိုး တက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ ပင်လုံတက္ကသိုလ် ဆိုပြီးတော့ အဆင့်မြင့်ပညာဌာနမှာ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ၄ ခု ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ ရှိသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကွန်ပျူတာတက္ကသိုလ် ၄ ကျောင်း ရှိပါတယ်။ တောင်ကြီးကွန်ပျူတာတက္ကသိုလ်၊ ပင်လုံကွန်ပျူတာတက္ကသိုလ်၊ လားရှိုး ကွန်ပျူတာတက္ကသိုလ်နှင့် ကျိုင်းတုံကွန်ပျူတာတက္ကသိုလ် ၄ ကျောင်း ရှိပါတယ်။ ရှမ်းပြည်နယ်မှာ သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ် ၄ ခု ရှိပါတယ်။ တောင်ကြီးနည်းပညာ တက္ကသိုလ်၊ ပင်လုံနည်းပညာတက္ကသိုလ်၊ လားရှိုးနည်းပညာတက္ကသိုလ်နှင့် ကျိုင်းတုံနည်းပညာတက္ကသိုလ် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှာ နည်းပညာအထက်တန်းကျောင်း ၅ ကျောင်း ရှိပါတယ်။ အေးသာယာ၊ ပင်းပက်၊ ပင်လုံ၊ လားရှိုး၊ ကျိုင်းတုံ နည်းပညာအထက်တန်းကျောင်း ၅ ကျောင်း ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းသား ၃၈၇ ဦး ပညာသင်ကြားလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် ပညာရေးကောလိပ်ကို အစိုးရသစ်လက်ထက်မှာ ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့မှာ ပညာရေးဝန်ကြီးဌာန၏ အမိန့် ကြော်ငြာစာဖြင့် လားရှိုးမှာ ပညာရေးကောလိပ်အသစ်တစ်ခု ဖွင့်လှစ်ခွင့်ရရှိပါတယ်။ ပညာရေးကောလိပ်ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှာ နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းမှ တက်ရောက်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် လားရှိုးပညာရေးကောလိပ်မှာ လက်ရှိ ဆရာ/ဆရာမ ၆၆ ဦး ပညာသင်ကြားပေးလျက်ရှိပါတယ်။ လားရှိုး ပညာရေးကောလိပ်မှာ လက်ရှိအထိ ကျောင်းသင်တန်းသား





ဆရာနဲ့ ကျောင်းသား အချိုးအနေနဲ့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ မူလတန်းအဆင့် ၁း၂၁၊ အလယ်တန်းအဆင့် ၁း၃၆၊ အထက်တန်း အဆင့် ၁း၂၁ ရှိကြောင်းတင်ပြအပ်ပါတယ်။ အခြေခံပညာကျောင်း များမှာ Multi- Media တပ်ဆင်အသုံးပြုသည့် အနေနဲ့ စုစုပေါင်း ကျောင်းပေါင်း ၅၁၁၇ ကျောင်းမှာ Multi- Media အဆင့်ဆင့် တပ်ဆင် အသုံးပြုလျက် ရှိကြောင်းတင်ပြအပ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျောင်းဆောင်သစ်နှင့် ပြုပြင်ဆောက်လုပ်ရန် အတွက် အဆောက်အဦခွင့်ပြုရန်ပုံငွေများ ရရှိမှုအနေနဲ့ ငွေလုံး ငွေရင်း ရန်ပုံငွေအတွက် ကျောင်းပေါင်း ၅၆၂ ကျောင်းမှာ ငွေလုံး ငွေရင်း ရန်ပုံငွေ ၁၅၄၂၂. ၄ သန်း၊ ဝ၄ဝ၂ ရန်ပုံငွေ အနေနဲ့ ကျောင်းပေါင်း ၁၇၁ ကျောင်းမှာ ၁၅၉၄. ၆ သန်း ခွင့်ပြုရရှိကြောင်း တင်ပြအပ်ပါတယ်။ စုစုပေါင်း ငွေလုံးငွေရင်း ရန်ပုံငွေ ၅ နှစ်စာ အနေနဲ့ ကျောင်းပေါင်း ၁၂၆၉ ကျောင်း ဆောက်လုပ်ရန် အတွက် ပညာရေးဝန်ကြီးဌာနမှ ရန်ပုံငွေ ၄၀၀၉၅. ၂ သန်း ခွင့်ပြုရရှိကြောင်း တင်ပြအပ်ပါတယ်။

ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေ အနေနဲ့ စုစုပေါင်း ၅ နှစ်တာ ကာလအတွင်းမှာ ၁၇၄၈၇. ဝ၃ သန်း ပညာရေး ဝန်ကြီးဌာနမှ ခွင့်ပြုရရှိပါကြောင်း တင်ပြအပ်ပါတယ်။ အခမဲ့ ဗလာစာအုပ်ဖြန့်ဝေရန် အစိုးရလက်ထက်မှာ မူလတန်းအဆင့် မသင်မနေရ မူလတန်း ပညာရေးစနစ်ကို အကောင်အထည်ဖော်သည့် အနေနဲ့ မူလတန်းအဆင့်သင် ကျောင်းသားများကို ဗလာ စာအုပ် ၆ အုပ်စီ ခွင့်ပြုပါတယ်။ ၄ နှစ်တာကာလအတွင်းမှာ ရန်ပုံငွေ ၂၁ဝ၃. ၆ဝ သန်းနှင့် ဗလာစာအုပ်ဒါဇင်ပေါင်း ၁၀၅၁၈၂၃ ဒါဇင် မူလတန်း အဆင့်သင်ကျောင်းသားများကို ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ ဘဏ္ဍာရေးနှစ်အလိုက် အခမဲ့ဗလာစာအုပ်များ ထောက်ပံ့ပေးခဲ့သည့်

၂၆၀၅ ဦး သင်တန်းဆင်း၊ သင်တန်းတက်ရောက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တောင်ကြီးပညာရေးကောလိပ်မှာ ဆရာ/ဆရာမ ၉၈ ယောက် ပညာသင်ကြားပေးလျက်ရှိပါတယ်။ တောင်ကြီး ပညာရေးကောလိပ်မှာ လက်ရှိ သင်တန်းသား/သူ ၂၂၉၅၆ ယောက် ပညာသင်ကြားလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် အစီရင်ခံသည့် အချိန်မှာ ကျိုင်းတုံ ပညာရေးကောလိပ်ကိုလည်း သင်တန်းသား ၁၀၀ နှင့် စတင် ဖွင့်လှစ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပညာရေးကဏ္ဍအတွက် ပံ့ပိုးငွေများကို တင်ပြထားခြင်း ဖြစ်ပါတယ်။ သိန်းနီနှင့် နမ္မတူမှာပြုလုပ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများမှာ တစ်မြို့နယ်လျှင် ၁၅ သိန်း၊ မောက်မယ်၊ ညောင်ရွှေ၊ တာချီလိတ်မှာစာတတ်မြောက်ရေးလုပ်ငန်းကို တစ်မြို့နယ်မှာ သိန်း ၃၀၊ ညောင်ရွှေ အင်းလေးဘက်စုံ ထူးချွန်လူငယ်အပန်းဖြေစခန်း အတွက် ၈၂. ၆၄၃ သိန်း၊ မိုင်းဆတ်၊ မိုင်းတုံမြို့နယ်မှာ ပညာရေးကဏ္ဍအတွက် ၂၄ သိန်း၊ တောင်ကြီးမြို့နယ်၊ နောင်ဟိုင်းကြီး မူလွန်ကျောင်းဆောက်လုပ်ရန်အတွက် ပြည်နယ်အစိုးရ မတည်ငွေဖြင့် သိန်း ၆၀၊ ကျိုင်းတုံ၊ ပင်းတောက်ကျေးရွာအုပ်စု ဝမ်ကူရွာ မူလတန်းကြိုကျောင်း ဆရာမ လစာ ထောက်ပံ့ငွေ ၈ သိန်း၊ တောင်ကြီးတက္ကသိုလ်ပေါင်းစုံ ဘောလီဘောပြိုင်ပွဲချီးမြှင့်ငွေ ၁၁. ၂ သိန်း၊ တက္ကသိုလ်တန်း ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား /သူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ခြောက်ဘာသာ ဂုဏ်ထူးရှင်ကို ၄ သိန်း၊ ငါးဘာသာဂုဏ်ထူးရှင် ၂ သိန်း၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁ သိန်းအစရှိသဖြင့် ချီးမြှင့် လာခဲ့ရာ ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင်တန်းအောင်သည့် ကျောင်းသူ/သားကို စုစုပေါင်း ၉၅၂ သိန်းထောက်ပံ့ပေးခဲ့ပါတယ်။ လားရှိုးမှာ ဒုတိယသမ္မတ၏



D/real(wide) (2



ဆောက်လုပ် ပြီးစီးပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျန်းမာရေးဌာနဆိုင်ရာ အချက်အလက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ကုတင် ၂၀၀ ဆံ့ဆေးရုံ ၅ ရုံ၊ ကုတင် ၁၅၀ ဆံ့ဆေးရုံ ၂ ရုံ၊ ကုတင် ၁၀၀ ဆံ့ ဆေးရုံ ၆ ရုံ၊ ကုတင် ၅၀ ဆံ့ ဆေးရုံ ၁၃ ရုံ၊ ၂၅ ကုတင်ဆံ့ ဆေးရုံ ၃၆ ရုံ၊ ၁၆ ကုတင်ဆံ့ ဆေးရုံ ၉၆ ရုံ၊ အပါအဝင် စုစုပေါင်း ဆေးရုံ ၁၅၈ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၈၇ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၈၂၄ ခု၊ ဒေသန္တရကျန်းမာရေးဌာန ၃ ခု၊ ကျောင်းကျန်းမာရေးဌာန ၆ ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၅၂ ခု၊ နယ်စပ်ဆေးပေးခန်း ၄၄ ခုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကုတင် ၂၀၀ ဆံ့ ဆေးရုံ ၅ ခုထဲမှာတော့ တောင်ကြီးစပ်စံထွန်းဆေးရုံနဲ့ လားရှိုးကုတင် ၂၀၀ ဆံ့ဆေးရုံကို ကုတင် ၅၀၀ ဆံ့ဆေးရုံအဖြစ် ဝန်ကြီးဌာနက ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆေးရုံပေါင်း ၁၄၈ ရုံရှိရာ ယခု ၁၅၈ ရုံဖြစ်သည့်အတွက် အစိုးရသစ်လက်ထက်ကာလအတွင်းမှာ ဆေးရုံပေါင်း ၁၀ ရုံအသစ်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကွမ်းလုံမြို့နယ်၊ ကန်မိန်းတိုက်နယ်ဆေးရုံ၊ လားရှိုးမြို့နယ်၊ နောင်မွန်တိုက်နယ်ဆေးရုံ၊ ရပ်စောက်မြို့နယ်၊ ကျောက်ဂူတိုက်နယ်ဆေးရုံ၊ ရွာငံ မြို့နယ်၊ မြို့ကြီးတိုက်နယ်ဆေးရုံ၊ နမ္မတူမြို့နယ်၊ မိုင်းရင်တိုက်နယ်ဆေးရုံ၊ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်တိုက်နယ်ဆေးရုံ၊ ဆီဆိုင်မြို့နယ်၊ နောင်ထော်တိုက်နယ်ဆေးရုံ၊ ပင်းတယမြို့နယ်၊ မိုင်းအင် တိုက်နယ်ဆေးရုံ၊ မိုင်းရယ်မြို့နယ်၊ မန်မုံတိုက်နယ်ဆေးရုံ၊ နမ့်ခမ်းမြို့နယ်၊ ဆာလုတိုက်နယ်ဆေးရုံဆိုပြီး ဆေးရုံ ၁၀ ခု တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနအနေနဲ့ ၁၈ ခု တိုးမြှင့်ဖွင့်လှစ် ပေးနိုင်ခဲ့ပါတယ်။ ကျေးလက်

ကျန်းမာရေး ဌာနခွဲအနေနဲ့ ၁၃၃ ခု တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာရှိသည့် ကျန်းမာရေးဝန်ထမ်းအင်အားစာရင်း ဖြစ်ပါတယ်။ ဆရာဝန် ခွင့်ပြု ၁၂၃၀ မှာ ၅၉၅ ဦးရှိသည့်အတွက် လစ်လပ် ၆၃၅ ဦးရှိ ပါတယ်။ သွားဘက်ဆိုင်ရာဆရာဝန် ၆၅ ယောက်ရှိပြီး ၁၆ ယောက် လစ်လပ်ပါတယ်။ သူနာပြုဆရာမ ၁၉၀၃ ယောက်ရှိပြီး ၁၁၂၃ ယောက် လစ်လပ်လျက်ရှိပါတယ်။ ကျန်းမာရေးမှူး ၂၀၃ ယောက်ရှိပြီးတော့ ၆၅ ယောက် လစ်လပ်ပါတယ်။ အမျိုးသမီး ကျန်းမာရေးဆရာမ ၂၀၄ ယောက်ရှိပြီး ၅၇ ယောက်လစ်လပ် ပါတယ်။ သားဖွားဆရာမ ၁၂၅၂ ယောက်ရှိပြီး ၁၈၂ ယောက် လစ်လပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဆရာဝန် ၅၉၅ ယောက်ထဲမှာ ဒေသခံ ၄၂၀ ရှိပြီး တိုင်းခြားမှ ၁၇၅ ဦး တာဝန်ထမ်းဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နှစ်အလိုက်ဆရာဝန်များ တိုးတက်မှုအနေအထားဖြစ်ပါတယ်။ ၅ နှစ်တာ ကာလအတွင်းမှာ ဆရာဝန်ပေါင်း ၁၇၈ ယောက်၊ သွားဘက်ဆိုင်ရာဆရာဝန် ၂၇ ယောက်၊ သူနာပြု ၅၇၀ ယောက်၊ သားဖွားဆရာမ ၃၁၃ ယောက် တိုးမြှင့်ခန့်ထားနိုင်ပါတယ်။ ထောင်စုနှစ်ရည်မှန်းချက် တစ်နှစ်အောက်ကလေး သေနှုန်း၊ အရှင်မွေးတစ်ထောင်မှာ ၃၂. ၇ ကို မျှော်မှန်း ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အနေနဲ့ ၁၀. ၁၈ ရောက်သည့်အတွက် ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီသည့် အနေအထားရှိပါတယ်။ ၅ နှစ်အောက်ကလေးသေနှုန်းမှာ အရှင်မွေး တစ်ထောင်မှာ ၄၃. ၃ ကို မျှော်မှန်း ဆောင်ရွက်သည့်အခါမှာ ရှမ်းပြည်နယ်မှ ၁၂. ၉၂ ဖြစ်သည့်အတွက် ထောင်စုနှစ်ရည်မှန်းချက် ပြည့်မီသည့်အနေအထားရှိပါတယ်။ မွေးမိခင်သေဆုံးနှုန်း၊ အရှင်မွေး တစ်သိန်းမှာ ၁၃၀ မျှော်မှန်း ဆောင်ရွက်သည့်အထဲမှာ ရှမ်းပြည်နယ် အနေနဲ့ ၅၆ ယောက် ဖြစ်သည့်အတွက် ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီသည့်





အစီအစဉ်နဲ့ ၁၁၂၉ သိန်း၊ ကွမ်းလုံ အထကကျောင်း၌ ကွန်ပျူတာ ၂ စုံ လှူဒါန်းခြင်း၊ တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ကျင်းပပြုလုပ်ခြင်း၊ပညာရေးဖောင်ဒေးရှင်းတွင် တက္ကသိုလ် တက်ရောက်နေသည့် ကျောင်းသား ၂၇ ယောက်ကို တစ်သိန်းခွဲ နှင့် ထောက်ပံ့ပါတယ်။ တောင်ကြီးကျောင်းဆောင်သစ်လွှဲပြောင်းပေးရာမှာ ပညာရေးငွေပဒေသာပင်ထည့်ဝင်လှူဒါန်းငွေ ၁၀ သိန်း၊ ရွာငံအင်းကြီးမြောက် အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အတွက် ၅၀ သိန်း မတည်လှူဒါန်းပါတယ်။ ဒ့ါအပြင် မူလတန်းကြိုကျောင်းနှင့် ဆရာ/ဆရာမတွေကို ထောက်ပံ့မှုအပါအဝင် စုစုပေါင်း ၂၅၈၂. ၃၄၃ သိန်း ပညာရေး ကဏ္ဍအတွက် ထောက်ပံ့ပေးပါတယ်။ ပြီးခဲ့သည့် ပညာရေးစုံညီ ပွဲတော်၊ ပညာအားကစားပွဲတော်၊ သင်ကြားမှု စွမ်းရည်မြှင့်သင်တန်းအတွက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေနဲ့ စုစုပေါင်း ၂၁၃ သိန်း ထပ်မံထောက်ပံ့ပေးပါတယ်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ရှမ်းပြည်နယ်အတွင်းမှာရှိသည့် တက္ကသိုလ်ကျောင်းများ၊ အခြေခံ ကျောင်းများအတွက် ကွန်ပျူတာ ၂၀၀ စုံ၊ ငွေကျပ် ၁၀၈၀ သိန်း၊ ဗလာစာအုပ်ဒါဇင် ၄၀၀၀၊ သုတရသစာအုပ်များကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှာ တောင်ကြီးမြို့၊ မြို့တော်ခန်းမမှာ ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါတယ်။ အခြေခံ ပညာကျောင်းတွေမှာ ကွန်ပျူတာ ၁ စုံစီ၊ ဗလာစာအုပ်ကို အခြေခံပညာအလယ်တန်းကျောင်းတွင် ဆက်လက်ဖြန့်ဝေပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ၁၅၁. ၂ သန်းဖြင့် ဆောက်လုပ်သည့် ကလောမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ R.C နှစ်ထပ်ကျောင်းဆောင်အသစ်

အနေအထား ဖြစ်ပါတယ်။ ကျွမ်းကျင်သည့် ဝန်ထမ်းများနှင့်မွေးဖွားနှုန်းကို ၈၀% အထိ မျှော်မှန်းဆောင်ရွက်သည့်အထဲမှာ ရှမ်းပြည်နယ်မှ ၆၉. ၆၁ သာရှိသဖြင့် ထပ်မံကြိုးစားဖို့ လိုအပ်သည့်အနေအထားရှိကြောင်း တင်ပြအပ်ပါတယ်။ ဆရာဝန်နှင့်လူဦးရေအချိုး ၁း၁၇၅၆ မျှော်မှန်းသည့်အထဲမှာ ရှမ်းပြည်နယ်မှ ၁ း ၉၉၂၂ ဖြစ်သဖြင့် ဆရာဝန်အင်အားတိုးမြှင့် ခန့်ထားရန် လိုအပ်သည့်အနေအထားဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကုတင်နှင့်လူဦးရေအချိုးကတော့ ၁ း ၁၄၀၀ မျှော်မှန်းဆောင်ရွက်သည့်အထဲမှာ လက်ရှိ ၁ း၁၁၁၉ ဖြစ်သဖြင့် ထောင်စုနှစ် ရည်မှန်းချက်ကို ပြည့်မီနေပြီ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကျန်းမာရေးကဏ္ဍအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေ ၉၇၃၀. ၅၅၈ သန်း၊ ၀၄၀၂ ရန်ပုံငွေ ၁၃၇၅ သန်း ကျန်းမာရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ငွေလုံးငွေရင်း ရန်ပုံငွေ အနေနဲ့ စုစုပေါင်း ၅ နှစ်တာကာလအတွင်းမှာ ၂၆၀၇၈. ၅၀၁ သန်း ခွင့်ပြုရရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။ အခမဲ့ ဆေးကုသနိုင်ရေးအတွက် ဆေးဝါးများ ဝယ်ယူ ထောက်ပံ့မှု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ၇၄၀၉. ၉၈၁ သန်း ခွင့်ပြုရရှိပါတယ်။ ၄ နှစ်တာကာလအတွင်းမှာ ဆေးဝါးများ ဝယ်ယူရန် ရန်ပုံငွေ ၂၄. ၂၃၂ ဘီလီယံ ရရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်း ၂၂၂ ကြိမ် ကွင်းဆင်းကုသပြီး လူနာပေါင်း ၁၀၂၉၈၅၁ ဦး အခမဲ့ ကုသနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်အစိုးရ၏ ဦးဆောင်မှု၊ ရှမ်းပြည်နယ်ကျန်းမာရေးဌာန ပူးပေါင်းပါဝင်မှုနဲ့ အခမဲ့ကွင်းဆင်းကုသ ဆောင်ရွက်တာ ဖြစ်ပါတယ်။ တောင်လေးလုံးအကျဉ်းထောင်၊ ပင်းတယမြို့နယ် ကျုံးကျေးရွာ၊ လွိုင်လင်မြို့နယ်မှာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကို ပြည်နယ်အစိုးရ၏




စတင်ပညာသင်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျန်းမာရေးကဏ္ဍတွင် ဖြစ်ပါတယ်။ အခမဲ့ကွင်းဆင်းကုသသည့်အတွက် ၅ သိန်း၊ ကျိုင်းတုံမှာ မျက်စိ ဝေဒနာရှင်များ အခမဲ့စမ်းသပ်ခွဲစိတ်ကုသသည့်အထဲမှာ ရှမ်းပြည်နယ် အစိုးရ အနေနဲ့ သိန်း ၁၀၀၊ လွိုင်လင်မှာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများ အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးသည့်အတွက် သိန်း ၂၀၊ မိုင်းတုံဆေးရုံအလှူငွေ ၁၀ သိန်း၊ ကွမ်းလုံ၊ ကာမိုင်းတိုက်နယ်ဆေးရုံ ဖွင့်ပွဲအတွက်ဆေးပဒေသာပင် ၁၀ သိန်း၊ မြင်းမူးကျေးရွာ အခမဲ့ ကွင်းဆင်းကုသသည့်အတွက် ၅ သိန်း၊ ဖယ်ခုံ၊ ကွန်ဟိန်း၊ ကျေးသီး၊ ပင်လောင်း၊ ရွာငံ၊ ရပ်စောက်၊ လင်းခေး၊ မောက်မယ်၊ လဲချား၊ မူဆယ်၊ မိုးမိတ်၊ ကွမ်းလုံ၊ လောက်ကိုင်၊ ဟိုပန်၊ သိန်းနီ၊ ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါ၊ မိုင်းဆတ်၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းပြင်း၊ တာချီလိတ်စသည့် မြို့နယ် ဆေးရုံ ၂၄ ခု ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ Patient Monitor တစ်လုံးစီ စုစုပေါင်း Patient Monitor ၂၄ လုံး အတွက် ၄၆၈ သိန်း ထောက်ပံ့ပါတယ်။ ဟိုပါကျေးရွာအခမဲ့ ကွင်းဆင်းကုသရေးအတွက် ၅ သိန်း၊ ဖယ်ခုံအတွက် ၁၀ သိန်း စုစုပေါင်း ၆၅၈ သိန်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးကဏ္ဍအတွက် တောင်ကြီး၊ ဘုရားဖြူ ရပ်ကွက်၊ သူငယ်တော်ယေဇူးမိဘဂေဟာတို့ ၅ သိန်း၊ တောင်ကြီး ဓမ္မစကူးလ် ရေရှည်တည်တံ့ပြန့်ပွားရေးအတွက် ၅ သိန်း၊ လားရှိုး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နာရေးအတွက် ၁၅. ၂၂ သိန်း၊ တောင်လေးလုံးရှေးဟောင်းပျူခေတ်လက်ရာ ဘုရားဆင်းတုတော်တစ်ဆူနှင့် ဒင်္ဂါးပြားတစ်ခု တွေ့ရှိသူ ဦးဝင်းထွန်းအား ဂုဏ်ပြုငွေ

၂ သိန်း၊ မြန်မာအမျိုးသမီးများနေ့ ထောက်ပံ့ငွေသိန်း ၆၀၊ တောင်သာပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နာရေးအတွက် ၃. ၈ သိန်း၊ ပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူးနာရေးအတွက် ၅ သိန်း၊ အသက် ၁၀၀ နှင့်အထက် ဘိုးဘွားများ ကန်တော့ငွေ ၁၄ သိန်း၊ သက်ကြီးရွယ်အိုများ ကန်တော့ငွေ ၃၀ သိန်း၊ တံတားအတွက် ၃၀ သိန်း၊ စုစုပေါင်း ၁၇၀. ၂ သိန်း ထောက်ပံ့ပေးခဲ့ပါတယ်။

သာသနာရေးကဏ္ဍ အနေနဲ့ စုစုပေါင်း ၈၇၀. ၂၆၅ သိန်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ စာပေနှင့် ယဉ်ကျေးမှုကဏ္ဍအတွက် လားရှိုးဒေသမှာ ရှိသည့် ရှမ်း၊ ကချင်၊ ကိုးကန့်၊ " ဝ "၊ ပလောင်၊ လီဆူး၊ လားဟူ၊ မြောင်ဇီး၊ ဗမာ၊ မုံးဝန်းစာပေယဉ်ကျေးမှု ၁၀ ဖွဲ့ကို စုစုပေါင်း သိန်း ၅၀၀၊ (၂၈) ကြိမ်မြောက် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ် တိုက်ဖျက်ရေးနေ့အခမ်းအနားအတွက် ၂၀၅. ၂၂ သိန်း၊ လင်းခေးခရိုင်၊ ကျောက်မဲခရိုင်၊ မိုင်းဆတ်ခရိုင်၊ တာချီလိတ်ခရိုင်၊ ကျိုင်းတုံခရိုင်မှာရှိသည့် ယဉ်ကျေးမှုအဖွဲ့ ၄၁ ဖွဲ့ကိုလည်း သိန်း ၄၁၀။ မိုင်းရှူးနှင့် ကျေးသီးမှာ ရှိသည့် စာပေယဉ်ကျေးမှုအတွက် သိန်း ၄၀၊ လွိုင်လင်၊ လဲချား၊ မိုင်းကိုင်၊ နမ့်စန်၊ ကွန်ဟိန်း စာပေ ယဉ်ကျေးမှုအတွက် ထောက်ပံ့ငွေသိန်း ၆၀ စုစုပေါင်း စာပေ ယဉ်ကျေးမှုအတွက် ၁၂၁၅. ၂၂ သိန်း ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ထောက်ပံ့ပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ် အစိုးရမှ မီးဘေးအတွက် မီးဘေးသင့် အိမ် ၁ အိမ်ကို ၅၀၀၀၀ နှုန်း၊ လေဘေးအတွက် အိမ်ထောင်စု ၁ အိမ်ကို ၃၀၀၀၀ နှုန်း၊ စုစုပေါင်း သဘာဝဘေးအတွက် ၁၂၆၆. ၀၁၅ သိန်း ထောက်ပံ့ ပေးနိုင် ခဲ့ကြောင်း တင်ပြအပ်ပါတယ်။





အစီအစဉ်နဲ့ ခွဲစိတ်ကုသပေးတာ ဖြစ်ပါ တယ်။ ကျိုင်းတုံမြို့နယ်မှာ ပြည်နယ်အစိုးရ၏ အစီအစဉ်နဲ့ မျက်စိ ဝေဒနာရှင်ပေါင်း ၁၄၆ ယောက်ကို အခမဲ့ခွဲစိတ်ကုသပေးခဲ့ပါတယ်။ ရွာင်မြို့နယ် မြင်းမူး ကျေးရွာ၊ မိုင်းရယ်မြို့နယ် ဟိုယကျေးရွာ၊ ဇန်နဝါရီလ ၂ ရက်နေ့မှာ ဖယ်ခုံမြို့နယ်၊ မိုးဖြဲမှာ လူနာပေါင်း ၁၆၇၀ ဦး အပါအဝင် စုစုပေါင်းလူနာ ၃၈၈၁ ဦး အခမဲ့ကွင်းဆင်းကုသပေးနိုင်ခဲ့ကြောင်း တင်ပြအပ် ပါတယ်။ ရှမ်းပြည်နယ်မှာ သူနာပြုသင်တန်းကျောင်း ၄ ခု ရှိပါတယ်။ တောင်ကြီးသူနာပြုသင်တန်းကျောင်း၊ တောင်ကြီးသားဖွားသင်တန်းကျောင်း၊ လားရှိုးသူနာပြုနှင့် သားဖွား သင်တန်းကျောင်း၊ ကျိုင်းတုံသူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဆိုပြီး သင်တန်း ကျောင်း ၄ ခုရှိသည့်အထဲမှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ သင်တန်းကျောင်း ၄ ခု၏ ဆရာ/ဆရာမ အင်အားစာရင်း ဖော်ပြခြင်းဖြစ်ပါတယ်။ သင်တန်းကျောင်း ၄ ခုမှာ စုစုပေါင်း သင်တန်းသား/သူ ၆၅၁ ဦး ပညာသင်ကြားလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်မှာ တိုင်းရင်းဆေးပညာဦးစီး ဌာနမှာ တိုင်းရင်းဆေးကုဌာန ၂၀ ရှိပါတယ်။ တောင်ကြီးကုတင် ၅၀ ဆံ့ အေးသာယာတိုင်းရင်းဆေးရုံ၊ တောင်ကြီးမြို့နယ် တိုင်းရင်းဆေးကု ဌာန ညောင်ရွှေ၊အောင်ပန်း၊ ပင်းတယ၊ ရပ်စောက်၊ မိုးနဲ၊ လဲချား၊ ကွန်ဟိန်း၊ ပင်လုံ၊ ကျိုင်းတုံ၊ တာချီလိတ်၊ လားရှိုး၊ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်နှင့် မဘိမ်းစသည်ဖြင့် တိုင်းရင်းဆေးကုဌာန ၂၀ ရှိပါတယ်။

တောင်ကြီးဆေးတက္ကသိုလ်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်မှာစတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်တက်ရောက် ဖွင့်လှစ် ပေးခဲ့ပြီးဖြစ်ပါတယ်။ ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ တောင်ကြီးဆေးတက္ကသိုလ်ကို ကျောင်းသူ/သား ၁၅၅ ယောက်နှင့်

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးကဏ္ဍ ၂၅၈၂. ၃၄၃ သိန်း၊ ကျန်းမာရေးကဏ္ဍ ၆၅၈ သိန်း၊ လူမှုရေးကဏ္ဍ ၁၇၀. ၀၂ သိန်း၊ သာသနာရေးကဏ္ဍ ၈၇၀. ၂၆၅ သိန်း၊ စာပေနှင့်ယဉ်ကျေးမှုကဏ္ဍ ၁၂၁၅. ၂၂ သိန်း၊ သဘာဝဘေးကဏ္ဍ ၁၂၆၆. ၀၁၅ သိန်း စသည်ဖြင့် စုစုပေါင်း ၆၇၆၁. ၈၆၃ သိန်း ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်းတင်ပြရင်းနှင့် တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယခုနေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁နာရီ မိနစ် ၃၀ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို နေ့လည် (၁း၃၀) နာရီတိတိအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (2



## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။

သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ၂၀၁၆ မင်္ဂလာနှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီများ၏ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်တဲ့လုပ်ငန်း အကောင် အထည်ဖော်ဆောင်မှုအခြေအနေအရပ်ရပ်ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ CD ခွေဖြင့် သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးထံ လည်း ဖြန့်ဝေပြီးသားဖြစ်တဲ့အတွက် လိုအပ်ချက် အကျဉ်းကို ရှင်းလင်းတင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာ ရေးနှစ် အစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့် ရှမ်းပြည်နယ်အတွင်းမှာ ရှိသည့် ရေပေးရေးလုပ်ငန်း၊ မြို့နယ် ၁၂ မြို့နယ်နှင့် မီးသဂြိုဟ်စက် တစ်မြို့နယ်အတွက် စုစုပေါင်း ကျပ်သိန်းပေါင်း ၃၄၂၀ ဖြင့် ထောက်ပံ့ခဲ့ပါတယ်။ တောင်ကြီးမြို့မှာ ဂနိုင်ကန် အမှတ်(၂) တူးဖော်ခြင်းနှင့် ပါမိုးနဲကန်တူးဖော်ခြင်းလုပ်ငန်း၊ ဂနိုင်ကန် အမှတ်(၁) နုန်းဆယ်ခြင်းလုပ်ငန်း၊ ပင်လုံမြို့တွင် ရေပေးရေးလုပ်ငန်း၊ ကွန်ဟိန်းမြို့နယ် ရေပေးရေးလုပ်ငန်း၊ လဲချားမြို့နယ် ရေပေးရေးလုပ်ငန်း၊ မိုင်းရှူးမြို့နယ် ရေပေးရေး လုပ်ငန်း၊ လွိုင်လင်မြို့နယ် ရေပေးရေးလုပ်ငန်း၊ မိုင်းကိုင်မြို့နယ် ရေပေးရေး လုပ်ငန်း၊ မိုးနဲမြို့နယ် ရေပေးရေးလုပ်ငန်း၊ လားရှိုးမြို့နယ်၊ ကောက်ကွေ့ဆည် ပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ မိုင်းပြင်းမြို့နယ် ရေပေးရေးလုပ်ငန်း၊ သိန္နီမြို့နယ် မီးသဂြိုဟ်စက် တည်ဆောက်ခြင်း လုပ်ငန်း၊ နမ္မတူမြို့နယ် ရေပေးရေးလုပ်ငန်း၊ မိုင်းငေါ့ မြို့နယ်ခွဲ ရေပေးရေးလုပ်ငန်းများဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှာ ရှမ်းပြည်နယ် တောင်ပိုင်း မြို့နယ် ၉ မြို့နယ်၊ မြို့နယ်ခွဲပေါင်း ၂ ခုအတွက် စုစုပေါင်း လမ်း ၈ လမ်း၊ တံတား ၁၅ လမ်း၊ ရေပေးရေးလုပ်ငန်း ၈ ခု၊ အခြားလုပ်ငန်း ၃ ခု၊ ယာဉ်/စက်ယန္တရား ၂ စီး၊ စုစုပေါင်း ကျပ်သိန်းပေါင်း ၈၆၅၅. ၁၆၅ သိန်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ လားရှိုးမြို့မှာ မြို့နယ်ပေါင်း ၇ ခုအတွက် လမ်း ၆ လမ်း၊ တံတား ၂ စင်း၊ ရေပေးရေးလုပ်ငန်း ၄ ခု၊ ယာဉ်/စက်ယန္တရား ၄ စီး ကျပ်သိန်းပေါင်း ၁၂၀၆၆. ၅၄၅ သိန်း၊ ရှမ်းပြည်နယ်အ(ရှေ့ပိုင်း) ကျိုင်းတုံ မြို့နယ်ပေါင်း ၈ ခု မြို့နယ်အတွက် လမ်း ၈ လမ်း၊ ရေပေးရေးလုပ်ငန်း ၂ ခု၊ အခြားလုပ်ငန်း ၅ ခု၊ ယာဉ်/စက်ယန္တရား ၈ စင်းဖြင့် စုစုပေါင်း





## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## အထူးအစည်းအဝေး (၁/၂၀၁၆) (ပထမနေ့)မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

## ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ လ ၅ ရက်

## [အင်္ဂါနေ့(နေ့လည်ပိုင်း)]

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆) ပထမနေ့ နေ့လည်ပိုင်း အစီအစဉ်များအား ဆက်လက်ကျင်းပ ပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာ များတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ် ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

ကျပ် ၃၅၄၅. ၀၈ သိန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ အစိုးရအဖွဲ့မှ ထောက်ပံ့ငွေ စုစုပေါင်း ကျပ်သိန်းပေါင်း ၂၄၂၆၆. ၇၉ သိန်းအား မြို့နယ် ၂၄ မြို့နယ်အတွက် ပံ့ပိုးပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။

တောင်ကြီးမြို့တွင် လုပ်ငန်း ၆ ခု၊ ကျောက်တလုံးကြီး မြို့နယ်ခွဲအတွက် ကတ္တရာခင်းရေး လုပ်ငန်း၊ ပင်းတယမြို့နယ် လုပ်ငန်းပေါင်း ၄ ခု၊ ကွန်ဟိန်းမြို့နယ် လုပ်ငန်း ၂ ခု၊ ကျေးသီးမြို့နယ် ကတ္တရာခင်းလုပ်ငန်း ၁ခု၊ လွိုင်လင်မြို့နယ် လုပ်ငန်း ၁ခု ပင်လုံမြို့နယ်ခွဲ လုပ်ငန်း ၁ခု၊ လဲချားမြို့နယ်လုပ်ငန်း ၂ ခု၊ မိုးနဲမြို့နယ် လုပ်ငန်း ၄ ခု၊ လားရှိုးမြို့နယ် လုပ်ငန်း ၆ ခု၊ မိုင်းရယ်မြို့နယ် လုပ်ငန်း ၂ ခု၊ သီပေါ မြို့နယ် လုပ်ငန်း ၂ခု၊ နမ္မတူမြို့နယ်အတွက် လုပ်ငန်း ၂ခု၊ ကျိုင်းတုံမြို့နယ် လုပ်ငန်း ၂ခု၊ မိုင်းယန်းမြို့နယ် လမ်းခင်းခြင်း လုပ်ငန်း၊ မိုင်းပြင်းမြို့နယ် လမ်းလုပ်ငန်း ၂ခု၊ မိုင်းဖြတ်မြို့နယ် အတွက် မြို့ပတ်လမ်း ကတ္တရာခင်းခြင်း၊ မိုင်းယောင်းမြို့နယ် လုပ်ငန်း ၂ ခု၊ မိုင်းဆတ်မြို့နယ် လုပ်ငန်း ၂ ခု၊ မိုင်းခတ်မြို့နယ် လုပ်ငန်း ၂ ခု၊ မိုင်းတုံမြို့နယ် လုပ်ငန်း ၃ ခု၊ ကျိုင်းလပ်မြို့နယ်ခွဲ လုပ်ငန်း ၃ ခု ဆောင်ရွက်ပေးခဲ့ပါတယ်။ အမှိုက်သိမ်းယာဉ် ၇ စီးကို သက်ဆိုင်ရာမြို့နယ် ၇ မြို့နယ်သို့ ဖြန့်ဝေပေးခဲ့ပါတယ်။

ဆက်လက်ပြီး ၂၀၁၃-၂၀၁၄ ခု၊ ရှမ်းပြည်နယ်အစိုးရ ထောက်ပံ့ငွေဖြင့် ပြည်နယ်စိစစ်ရေးကော်မတီမှ တာဝန်ယူ ဆောင်ရွက်သည့် လုပ်ငန်းများကို တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ တောင်ကြီးမြို့မှ မြို့နယ်ပေါင်း ၂၂ မြို့နယ်၊ မြို့နယ်ခွဲပေါင်း ၄ခုအတွက် လမ်း ၃၆ လမ်း၊ တံတား ၁၁စင်း၊ ရေပေးရေးလုပ်ငန်း ၅၃ခု၊ မြို့သာယာလှပရေး ၄၉ ခု စုစုပေါင်း ကျပ် ၈၇၃၄ သိန်း၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီရုံးအဖွဲ့ လားရှိုးမြို့မှ မြို့နယ် ၁၉ ခု၊ မြို့နယ်ခွဲပေါင်း ၈ ခုအတွက် လမ်း ၅၅ လမ်း၊ တံတား ၁၆ စင်း၊



D/real(wide) (2



၁ ခု၊ ချင်းရွှေဟော်မြို့ ၁ ခု၊ ကျိုင်းတုံမြို့ ၂ ခု၊ တာချီလိတ်မြို့ ၃ ခု၊ မိုင်းဖြတ်မြို့ ၈ ခု၊ မိုင်းဆတ်မြို့ ၉ ခု၊ မိုင်းပြင်းမြို့ ၇ ခု၊ မိုင်းယောင်းမြို့ ၇ ခု၊ မိုင်းတုံမြို့ ၅ ခု၊ မိုင်းယန်းမြို့ ၆ ခု၊ မိုင်းခတ်မြို့ ၁၀ ခု၊ မက်မန်းမြို့ ၄ ခု၊ ကျိုင်းလပ်မြို့ ၁ ခု၊ တာလေမြို့ ၅ ခု၊ တုံတာမြို့ ၃ ခု၊ ပုံပါကျင်မြို့ ၄ ခု၊ မိုင်းခုတ် မြို့ ၂ ခု၊ မိုင်းယုမြို့ ၁ ခု၊ မုံးထမြို့ ၁ ခုတို့ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောသတ္တုကဏ္ဍ လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောသတ္တုကဏ္ဍ လုပ်ငန်းဆောင်ရွက်ချက်များအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် သစ်တောသတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရ၏ သစ်တောသတ္တုကဏ္ဍနှင့် ပတ်သက်ပြီး တင်ပြပေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့သစ်တော မူဝါဒနှင့်အညီ

နှစ်ရှည်၊ နှစ်တိုစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး သစ်တောပြုစုထိန်းသိမ်းမှုလုပ်ငန်းများနှင့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုကို ဟန်ချက်ညီအောင် ထိန်းညှိ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများ အကျိုးအတွက် သစ်တောများ ရေရှည် တည်တံ့ရေး၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူနိုင်ရေး၊ သစ်တောစိုက်ခင်းများအောင်မြင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်၏ ပြည်နယ်ဧရိယာဟာ စတုရန်းမိုင်ပေါင်း ၆၀၁၅၅. ၂၃ စတုရန်းမိုင် ရှိပါတယ်။ သစ်တောဖုံးလွှမ်းမှုအနေနဲ့ ဆိုလျှင် ရှမ်းပြည်နယ်မှာ ၅၁. ၈၀% ဖုံးလွှမ်းလျက်ရှိပါတယ်။ သစ်တောနယ်မြေရာခိုင်နှုန်းအနေနဲ့ ၂၂. ၁၀% ဖုံးလွှမ်းလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ ခုနှစ်မှာ တည်ထောင်သည့် စီးပွားရေးစိုက်ခင်းမှာ တောင်ကြီးမြို့၌ ၄၅၀ ဧက ဖြစ်ပါတယ်။ တောင်လေးလုံးကြီးဝိုင်းအတွင်းမှာ စီးပွားရေး ထင်းရှူး စိုက်ခင်းဧက ၅၀၊ အပိုင်း(၂) အနေနဲ့ သစ်တောကဏ္ဍမှာ တစ်အိမ်ထောင်ကို ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀၊ ကျေးရွာအလိုက် ကျေးရွာပိုင်သစ်မာစိုက်ခင်း တစ်ဧက တည်ထောင်ထားခြင်း ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆မှာ ရှမ်းပြည်နယ် ပေါင်းချုပ်အနေနဲ့ သစ်ပင်ပေါင်း ၁၁ သိန်း စိုက်ပျိုးထားရှိကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအနေနဲ့ နှစ်ရှည်သီးပင်၊ စားပင်များကိုအခမဲ့ဖြန့်ဖြူးရန် ယခင်နှစ်ကလည်း ရှမ်းပြည်နယ်အစိုးရရန်ပုံငွေနဲ့ သိန်း ၁၀၀၀ စိုက်ပျိုးခဲ့ပါတယ်။ ယခုနှစ်လည်း သိန်း ၁၀၀၀ စိုက်ပျိုးဖို့ ရည်မှန်းထားပြီးတော့ ရှမ်းပြည်နယ် တောင်ပိုင်းတွင် အပင်ပေါင်း ၇ သိန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမှာ အပင်ပေါင်း ၁ သိန်း၊



D/real(wide) (2



ရေပေးရေးလုပ်ငန်း ၁၃ ခု ၊ မြို့သာယာလှပရေး ၄၄ ခု ၊ စုစုပေါင်း ကျပ်သိန်းပေါင်း ၉၄၀၀ သိန်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီဌာနခွဲ၊ ကျိုင်းတုံမြို့မှ မြို့ပေါင်း ၁၀ ခု၊ မြို့နယ်ခွဲပေါင်း ၇ ခု၊ လမ်း ၁၉ လမ်း၊ တံတား ၁၇ စင်း၊ ရေပေးရေးလုပ်ငန်း ၁၀ ခု၊ မြို့သာယာလှပရေး ၃၈ ခုဖြင့် စုစုပေါင်း ကျပ်သိန်းပေါင်း ၅၅၀၀ ကျပ်၊ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ခုနှစ် ထောက်ပံ့ငွေမှာ မြို့နယ် ၅၁ မြို့နယ်၊ မြို့နယ်ခွဲ ၁၉ခု၊ စုစုပေါင်း လုပ်ငန်းပေါင်း ၃၆၀ အတွက် ကုန်ကျငွေ ကျပ်သိန်းပေါင်း ၂၃၆၃၀ သိန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အသေးစိတ်လုပ်ငန်းများကို အကျဉ်းချုံးတင်ပြရမည်ဆိုလျှင် တောင်ကြီးမြို့နယ်၏လုပ်ငန်းပေါင်း ၁၇ ခု၊ ကလောမြို့နယ် ၁၁ ခု၊ ညောင်ရွှေမြို့နယ် ၇ ခု၊ ရပ်စောက်မြို့နယ် ၃ ခု၊ ဖယ်ခုံမြို့နယ် ၁ ခု၊ ပင်းတယမြို့နယ် ၈ ခု၊ ဆီဆိုင်မြို့နယ် ၅ ခု၊ ပင်လောင်းမြို့နယ် ၁၁ ခု၊ ဟိုပုံးမြို့နယ် ၈ ခု၊ ရွာငံမြို့နယ် ၁ ခု၊ လွိုင်လင်မြို့နယ် ၁ ခု၊ မိုင်းရှူးမြို့နယ် ၁ ခု ၊ နမ့်စန်မြို့နယ် ၁၄ ခု၊ လဲချားမြို့နယ် ၂ ခု၊ မိုင်းကိုင်မြို့နယ် ၁ ခု၊ ကွန်ဟိန်းမြို့နယ် ၁ ခု၊ ကျေးသီးမြို့နယ် ၃ ခု၊ ပင်လုံမြို့နယ်ခွဲ ၁၂ ခု၊ မိုင်းနောင်မြို့နယ်ခွဲ ၃ ခု၊ မိုင်းစံမြို့နယ်ခွဲ ၁ ခု၊ လင်းခေးမြို့ ၉ ခု၊ မိုးနဲမြို့ ၅ ခု၊ မိုင်းပန်မြို့ ၁၄ ခု၊ မောက်မယ်မြို့ ၇ ခု၊ဟိုမိန်းမြို့ ၁ ခု၊ကျိုင်းတောင်းမြို့ ၆ခု၊ လားရှိုးမြို့ လုပ်ငန်း ၁၀ ခု၊ သိန္နီမြို့ စုစုပေါင်း လုပ်ငန်း ၁၁ ခု၊ တန့်ယန်းမြို့ ၄ ခု၊ မိုင်းရယ်မြို့ ၈ ခု၊ ကွမ်းလုံမြို့ ၈ ခု၊ ကျောက်မဲမြို့ ၄ ခု၊သီပေါမြို့ ၃ ခု၊ နောင်ချိုမြို့ ၁၀ ခု၊ နမ္မတူမြို့ ၇ ခု၊ နမ့်ဆန်မြို့ ၁ ခု၊ မိုးမိတ်မြို့ လုပ်ငန်း ၉ ခု၊ မဘိမ်းမြို့ ၉ ခု၊ မန်တုံမြို့ ၃ ခု၊ မိုင်းငေါ့မြို့ ၁ ခု၊ မိုင်းလုံမြို့ ၁ ခု၊ မူဆယ်မြို့ ၁ ခု၊ မန်ဟီးရိုးမြို့ ၁ ခု၊ ကြူကုတ်၊ ပန်ဆိုင်း ၁ ခု၊ မုံးကိုးမြို့ ၁ ခု၊ နမ့်ခမ်းမြို့ ၈ ခု၊ ကွတ်ခိုင်မြို့ ၇ ခု၊ လောက်ကိုင်မြို့ ၁ ခု၊ တာမိုးညဲမြို့ ၃ ခု၊ ဟိုပန်မြို့ ၁၁ ခု၊ ကုန်းကြမ်းမြို့ ၄ ခု၊ မော်ထိုက်မြို့

ရှမ်းပြည်နယ် လားရှိုးမှာ အပင်ပေါင်း ၂ သိန်း၊ စုစုပေါင်း အပင်ပေါင်း ၁၀ သိန်း စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရ၏ ရန်ပုံငွေနဲ့ စားပင်သီးပင်များ အခမဲ့ဖြန့်ဖြူးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မိုးရာသီကျရင် လိုအပ်သည့် ပျိုးပင်များအခမဲ့လာရောက်တောင်းယူနိုင်ကြောင်း တစ်ဆက်တည်း တင်ပြလိုပါတယ်။ ဒေသခံ ပြည်သူအစုအကွက်ပိုင် သစ်တောအနေနဲ့ ရွာပေါင်း ၃၇၅ ရွာ ဧကပေါင်း ၇၄၃၆၅ ဧကတည်ထောင်ထားရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ လွိုင်လင်၊ ကွန်ဟိန်း ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ သီးနှံသစ်တောရောနှောသည့် လျာထားတာကတော့ ဧကပေါင်း ၅၀၅၅. ၁၆ ဧကဖြစ်ပေမယ့် ဆောင်ရွက်ပြီးစီးမှုကတော့ ၄၇၀၈. ၄၄ ဧကဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်သစ်တောဦးစီးဌာနအနေနဲ့ အခွန်တော်ရရှိမှုမှာ လျာထားချက်သိန်းထောင်ပေါင်း ၄၁၆၆ ဖြစ်ပေမယ့် ရရှိသည့် ငွေပေါင်းက သိန်းပေါင်း ၄၉၇၅ သိန်း ၇၆၀၀၀ ကျော် ရရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၁၁၉. ၄၃% ရရှိကြောင်း တင်ပြအပ်ပါတယ်။ ဂျီဒီပီရရှိမှုအနေနဲ့ တိုးတက်မှုရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီသစ်တောကဏ္ဍအပိုင်းမှာ တရားမဝင်သစ်ဖမ်းဆီးမှုဟာ အရမ်းအရေးကြီး ပါတယ်။ တရားမဝင်သစ်တောဖမ်းဆီးရရှိမှု အခြေအနေကို လွှတ်တော်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂မှာ တရားမဝင်သစ်တောဖမ်းဆီးမှုတန်ပေါင်း ၄၈၆၀. ၆၇၃၀ တန်၊ ၂၀၁၂ -၂၀၁၃ မှာ တန်ပေါင်း ၇၆၈၉. ၉၇၄၇ တန်၊ ၂၀၁၃-၂၀၁၄ မှာ တန်ပေါင်း ၁၃၂၆၁. ၁၁၂၆ တန် ။ ၂၀၁၄-၂၀၁၅ မှာတန်ပေါင်း ၈၀၂၁. ၆၈၀၅ တန် ဖမ်းဆီးရမိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၅ နိုဝင်ဘာလအထိ ရှမ်းပြည်နယ် တွင် စုစုပေါင်းတန်ပေါင်း ၉၂၇၇. ၂၆၂၆ တန်



D/real(wide) (2



ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ မိုးရွာသွန်းမှုဟာလည်း ယခင်နှင့်စာလျှင် တဖြည်းဖြည်း မိုးရွာသွန်းမှု လျော့နည်းသွားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအနေနဲ့ အင်းလေးကန် တစ်ဝိုက်မှာ ပတ်ဝန်းကျင်းစိမ်းလန်းစိုပြည်ရေး အတွက် ထင်းကို မတရားခုတ်ထွင်မှုမဖြစ်ရအောင် ရှမ်းပြည်နယ် အစိုးရရဲ့ ရန်ပုံငွေနဲ့ အဆင့်မြင့်မီးဖို အခမဲ့ ဖြန့်ဝေထားပါတယ်။ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ရှမ်းပြည်နယ်အစိုးရက Trust Fund တည်ထောင်ပြီး ပထမဦးဆုံး သိန်းပေါင်း ၁၅၀ မတည်ပေးထား ပါတယ်။ အင်းလေးကန်ဇုန်ဝင်ခွင့်မှ သိန်းပေါင်း ၁၀၆၅၀ ရပါတယ်။ ဟိုတယ် ၁၄ လုံး ထည့်ဝင် လှူဒါန်းငွေများကတော့ ၉၄၆ သိန်း ဖြစ်ပါတယ်။ CB Bank မှ ဘဏ်အတိုးရငွေ ၈၀၈ သိန်း ရရှိပြီး စုစုပေါင်း သိန်းပေါင်း ၁၂၅၅၄ သိန်း ရရှိကြောင်း တင်ပြအပ် ပါတယ်။ ရရှိသည့်ငွေကို အင်းလေးကန်ထဲမှာ အထူးသဖြင့် ညောင်ရွှေမြို့နယ်ကို Trust Fund မှ အကုန်လုံးပံ့ပိုးပေးပါတယ်။ ပံ့ပိုးပေးသည့် ငွေပေါင်းဟာ ဆိုလျှင် လုပ်ငန်းပေါင်း ၆၅ ခု ရှိပါတယ်။ ပံ့ပိုးသည့် ငွေပေါင်းဟာ ၁၀၃၅၆၄၁၆၄၉ ကျပ် ပံ့ပိုးပေးပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အခု လက်ကျန်ငွေက သိန်းပေါင်း ၂၁၉၈ သိန်း ၅၇၇ သိန်း ကျန်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာ့သစ်တောကဏ္ဍမှာ သစ်လုပ်ငန်းကလည်း အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေ ရရှိရေးအတွက်လည်း ဆောင်ရွက်သည့် လုပ်ငန်း ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ လျာထားချက်နဲ့ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တင်ပြသွားမှာ ဖြစ်ပါတယ်။ တောင်ကြီးမှာ ကျွန်းတန်ပေါင်း ၁၅၀၀၀၊ လွိုင်လင်မှာ ကျွန်းတန်ပေါင်း ၆၃၇၅

ဖမ်းဆီးရရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီသစ်ဖမ်းဆီးမှုမှာ ကားကြီးသာမဟုတ်ဘဲ ကားသေးများနှင့်ခိုးပြီးသယ်နေကြောင်းတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းလေးကန်စိမ်းလန်းစိုပြည်ရေးသည် သစ်တောဦးစီးဌာနလက်အောက်မှာပါဝင်ပါတယ်။ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးသည် ရှမ်းပြည်နယ်အတွက် အရေးကြီးသလို ပြည်ထောင်စုမြန်မာနိုင်ငံအတွက်လည်း အရေးကြီးသည့် လုပ်ငန်း ကဏ္ဍတစ်ခု ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အင်းလေးကန်သည် ထူးခြားသောကုန်းတွင်းရေအိုင်ဖြစ်ပြီးလှပသောသဘာဝ ပတ်ဝန်းကျင်နှင့် ပြည့်စုံနေပါတယ်။ ၎င်းဒေသတွင် ငါးမျိုးစိတ်တွေ၊ ရေညှိ၊ ရေမှော်ပင်တွေ ဆောင်းခိုငှက်တွေ သစ်ခွမျိုးစုံပါဝင်သည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ထူးခြားစွာ တည်ရှိပါတယ်။ နောက်ပြီးတော့ ၂၀၀၃ ခုနှစ်မှာ အာဆီယံအဖွဲ့အစည်းမှ အာဆီယံအမွေအနှစ်ဖြစ်သည့် Ancient Heritage Park ဟုသတ်မှတ်ခြင်းခံရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅မှာထူးခြားသည့်တစ်ခုအနေဖြင့် UNEPSCO မှအင်းလေးကန်ကိုMAP(Man Ampire Sapeiar) လို့ခေါ်သည့် လူနှင့်ဇီဝအဝန်းအဝိုင်းဟု သတ်မှတ်ခံရကြောင်းနှင့် နိုင်ငံတော်အတွက်များစွာ ဂုဏ်ယူစရာကောင်းပြီး နောင်တွင် အင်းလေးကန်နှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပံ့ပိုးငွေတွေ အများကြီးရရှိလာမည်ဖြစ်ကြောင်း တစ်ဆက်တည်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ခုထူးခြားတာကတော့ညောင်ရွှေမြို့နယ်မှာ လူဦးရေဟာအိမ်ထောင်စု၊ လူဦးရေအရရော တိုးတက်များပြားလာပြီး လူဦးရေ ၂ သိန်းနီးပါးလောက်ရှိလာပါတယ်။ ဒါကြောင့် ၁၈၉၄၀၀ ကျော် လူဦးရေ ရှိသည့်အတွက်ကြောင့် သဘာဝ ပတ်ဝန်းကျင် အင်းလေးကန်စိမ်းလန်းစိုပြည်ရေးအတွက် အများကြီး





ထုတ်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သစ်တောနှင့်သတ္တုဝန်ကြီးဌာနအောက်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုပြီး ဌာနအသစ်တစ်ခုရှိပါတယ်။ အဓိကအားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရန် အရေးကြီးသည့် အသိပညာပေးခြင်းနှင့် စက်ရုံ၊ အလုပ်ရုံ၊ သတ္တုတူးဖော်သည့်အခါမှာ ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင်ထိန်းသိမ်းရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ သတ္တုလုပ်ငန်းဟာ အခြေခံဥပဒေအရ ဇယား(၂)မှာ လုပ်ပိုင်ခွင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေမှာ လုပ်ပိုင်ခွင့် သိပ်မရှိသော်လည်း ရှမ်းပြည်နယ်မှာ သတ္တုလုပ်ကွက်တွေလာတူးဖော်နေသည့် ကုမ္ပဏီတွေများပါတယ်။ ရှမ်းပြည်နယ် တောင်ပိုင်းမှာ ကုမ္ပဏီ ၁၁၃ ခု ရှိပါတယ်။ အကြီးစားကုမ္ပဏီ ၁၅၊ အသေးစားလုပ်ခွင့်ရသည့် လုပ်ကွက် ၁၂၈ ကွက် ဖြစ်ပြီး၊ စမ်းသပ်တိုင်းတာ ၁၄၇ ရှိပြီး စုစုပေါင်း လုပ်ကွက်ပေါင်း ၂၉၀ ရှိကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ နည်းပါတယ်။ ကုမ္ပဏီအရေအတွက် ၆၀ ၊အကြီးစား ၂၀၊ အသေးစား ၆၄၊ စမ်းသပ်တိုင်းတာ ၆၇၊ စုစုပေါင်း ၁၅၁ ကွက် လုပ်ကွက်ရှိပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ ကုမ္ပဏီပေါင်း ၆၆၊ အကြီးစား ၁ ခု၊ အသေးစားထုတ်လုပ်ခွင့်ရသည့်ကုမ္ပဏီ ၈၆၊ စမ်းသပ်တိုင်းတာ ၆၄၊ စုစုပေါင်း ၁၅၁ လုပ်ကွက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သတ္တုမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရရဲ့ လုပ်ပိုင်ခွင့် သိပ်မရှိသော်လည်း ရှမ်းပြည်နယ်မှာ သတ္တုတွေလာပြီး တူးဖော်လျှင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လိုက်ပြီး ရှမ်းပြည်နယ်အစိုးရမှ



D/real(wide) (3

ရွှေလာပြီးတူးရင် တစ်ဧကကို ၁ သိန်း ၊ သတ္တု ၅ သောင်း၊ ကျောက်မီးသွေး ၃ သောင်း၊ ဂေါဒန် ၂ သောင်းစသည်ဖြင့် သတ္တုတူးဖော်တဲ့အခါမှာ ပထမပိုင်းဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေအနေနဲ့ ကောက် ပါတယ်။ ဆင်းရဲမှုလျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် CF - 001329မှာ သိန်းပေါင်း ၃၀၁၂. ၇၅ သိန်း ကောက်ခံနိုင်ပါတယ်။ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအတွက် CF - 001330 တွင် ၃၀၀၀. ၇၅ သိန်း ကောက်ခံနိုင်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ CF - 001329 တွင်သိန်းပေါင်း ၂၁၅၀၉. ၉၆၁ သိန်း ကောက်ခံရရှိပါတယ်။ ဇူလိုင်လ ၁ ရက်နေ့မှာ ရှမ်းပြည်နယ်မှာ သတ္တုတူးဖော်လျှင် ရှမ်းပြည်နယ်ဘတ်ဂျက် MD - 021932သို့ စတင်ထည့်ပါတယ်။ သိန်းပေါင်း ၁၂၇၅. ၉၈ သိန်း ရရှိပြီး စုစုပေါင်းရှမ်းပြည်နယ်မှာသတ္တုလာတူးဖော်သည့်အတွက်ကြောင့် ကောက်ခံရရှိသည့် ငွေသိန်းပေါင်း ၂၈၇၉၉. ၁၀၁ သိန်း ကောက်ခံရရှိပြီးဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ် သစ်တော သတ္တုဝန်ကြီးဌာန အနေနဲ့ မူဝါဒများနှင့်အညီ ပြည်သူ အခြေပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်သို့တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (3



ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများ၏ စာရင်းချုပ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ တိုးချဲ့လုပ်ငန်း ၁၁၅ ခု၊ အစားထိုး ၃၂ ခု၊ ကျေးလက်မီးလင်းရေး ၄၄ ခု၊ စုစုပေါင်း ၁၉၁ ခု ရှိပြီး လျာထားငွေကျပ်သန်းပေါင်း ၁၀၀၈၁. ၅၉၂ ဖြစ်ပါတယ်။ ခွင့်ပြုငွေ ၉၁၂၂. ၆၅၄ သန်း၊ ပိုလျှံငွေ ၉၅၈. ၉၃၈ သန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)က တိုးချဲ့လုပ်ငန်း ၁၆ ခု ၊ အစားထိုး ၁၁ ခု၊ ကျေးလက် မီးလင်းရေး ၁၆ ခု၊ စုစုပေါင်း ၄၃ ခု ရှိပြီး လျာထားငွေ ကျပ်သန်း ပေါင်း ၅၀၉၁. ၄၆၈ ဖြစ်ပါတယ်။ ခွင့်ပြုငွေသန်းပေါင်း ၄၈၇၅. ၀၆၁၊ ပိုလျှံငွေ ၂၁၆. ၄၀၇ သန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် မဟာဓာတ်အားလိုင်း မရောက်ရှိသေးတဲ့ အတွက်ကြောင့် တိုးချဲ့လုပ်ငန်း၊ ကျေးရွာမီးလင်းရေးကို တင်ပြ ခြင်းမရှိဘဲ အစားထိုးလုပ်ငန်း ၁ ခု အတွက် လျာထားငွေ ၃၂. ၉၄၀ သန်း၊ ခွင့်ပြုငွေ ၃၂. ၉၄၀ သန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်း၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ BE ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့ သည့် လုပ်ငန်းများ စာရင်းချုပ်မှာ တိုးချဲ့လုပ်ငန်း ၁၃၁ ခု ၊ အစားထိုး လုပ်ငန်း ၄၄ ခု ၊ ကျေးရွာပေါင်း ၆၀ ခု၊ စုစုပေါင်း ၂၃၅ ခု ရှိပါတယ်။ လျာထားငွေ ၁၅၂၀၆. ၀၀၀ သန်း ဖြစ်ပါတယ်။ ခွင့်ပြုငွေသန်းပေါင်း ၁၄၀၃၀. ၆၅၅၊ ပိုလျှံငွေ ၁၁၇၅. ၃၄၅ သန်း ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ BE ဘတ်ဂျက်နှင့် ပိုလျှံငွေများကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ တိုးချဲ့ ၈ ခု၊ အစားထိုး ၄ ခု၊ ကျေးရွာပေါင်း လျှပ်စစ်မီးလင်းရေးအတွက် ကျေးလက်ဒေသ ၂၀ အားလုံး လုပ်ငန်းပေါင်း ၃၂ ခု ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ တိုးချဲ့ ၁ ခု၊ အစားထိုး ၈ ခု၊ စုစုပေါင်း ၉ ခု ရှိပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ တိုးချဲ့ ၂ ခု၊ ကျေးရွာ ၁

ရှာ၊ လုပ်ငန်းပေါင်း ၃ ခု၊ ပြည်နယ်ချုပ်စုစုပေါင်း ၁၁၇၀. ၁၆၁ သန်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း ပြည်နယ်အစိုးရ BE ဘတ်ဂျက် ပိုလျှံငွေ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ ဖြစ်ပါတယ်။ ပြည်နယ်ချုပ် စုစုပေါင်း တိုးချဲ့ ၁၁ ခု၊ အစားထိုးလုပ်ငန်း ၁၂ ခု၊ ကျေးလက်မီးလင်း ရေး ၂၁၊ စုစုပေါင်းက ပိုလျှံငွေထဲက ဆောင်ရွက်နိုင်သည့် လုပ်ငန်းပေါင်း ၄၄ ခု ရှိပြီး ကုန်ကျငွေသန်းပေါင်း ၁၁၇၀. ၁၆၁ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် လုပ်ငန်းပေါင်း ၁၆ ခု ရှိပြီး ကုန်ကျငွေကျပ် ၇၂၃၀. ၂၂ သိန်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆) ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး (၁/၂၀၁၆) ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့ ၊ ဗုဒ္ဓဟူးနေ့ နံနက်(၁၀း၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်းကြေညာပါတယ်။



D/real(wide) (3



## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လျှပ်စစ်နှင့် စက်မှုလက်မှုကဏ္ဍလုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လျှပ်စစ်နှင့် စက်မှုလက်မှုကဏ္ဍလုပ်ငန်း ဆောင်ရွက်ချက်များအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးမှ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ နှစ်သစ်နဲ့အတူ ပျော်ရွှင်ချမ်းမြေ့ကြပါစေ။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာ အပေါင်းနှင့် ခညောင်းကြပါစေ။ ကျွန်တော် အင်မတန် ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး လိုအင်ဆန္ဒတစ်လုံးတစ်ဝ နှင့် ဆုတောင်းတိုင်း ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများ တင်ပြခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ BE ဘတ်ဂျက်နှင့် ရှမ်းပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အစိုးရ BE ဘတ်ဂျက်ဖြင့်

## ရှမ်းပြည်နယ်

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## အထူးအစည်းအဝေး (၁/၂၀၁၆) (ဒုတိယနေ့)မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

## ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ လ ၆ ရက်

[ ဗုဒ္ဓဟူးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့)အစီအစဉ်ကို နံနက် ၁၀း၃၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးထက်မာန်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်းဆောင်ရွက်ပါသည်။

### ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆) (ဒုတိယနေ့) အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့်



D/real(wide) (3



### ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့အစီအစဉ် ကြေညာခြင်း၊

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) (ဒုတိယနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆက်လက် ကျင်းပသွားမှာဖြစ်ပါတယ်။

### အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း၊ ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးညွှန့်ဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါခင်ဗျား။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) (ဒုတိယနေ့)သို့ တက်ရောက် လာကြတဲ့

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဝင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့)သို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါကိုယ်စားလှယ်စုစုပေါင်း (၈)ဦးအား လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့် ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုအပေါ် ခွင့်ယူသူ အားလုံး၏ ကိုယ်စားတင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၂) ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၃) ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ ကိုယ်တိုင် ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၄) ဦးထူးကိုကို၊ ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။



D/real(wide) (3



ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များနှင့် ဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၆) (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၃၉)ဦးရှိသည့် အနက် ဒီကနေ့ အစည်းအဝေးကို(၁၁၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ (၇၉. ၁၄)% ရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေသည် (၃)ပုံ(၁)ပုံထက် ကျော်လွန်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၃၄)၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၅) နည်းဥပဒေခွဲ(ဂ) တို့အရ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။

(၅) ဦးစံလွင်၊ ဟိုပုံးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ အရေးကြီးကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ခွင့် (၁)ရက်။

(၆) ဦးခွန်လှသိန်း၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ အရေးကြီးကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ခွင့် (၁)ရက်။

(၇) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၈) ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ခွင့် (၁)ရက်။

ဒီကနေ့ ခွင့်ထပ်မံလျှောက်ထားသူ (၈)ဦး ဖြစ်ပါကြောင်း လေးစားစွာတင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်ကခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၀၆) (ဒုတိယနေ့)ကိုတက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၁၃၉)ဦး၊ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁) ဦး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး





## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်က ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၅ -၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဆွေးနွေးရန် အမည်စာရင်း တင်သွင်းသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အစီအစဉ်(၆)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဤဥပဒေကြမ်းကို အတည်ပြုပေးဖို့အတွက် အဆိုပြုပေးရန် ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ပထမနေ့)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့တဲ့ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များမှလည်း ပြန်လည်ဆွေးနွေးရန်မရှိတဲ့အတွက် ၂၀၁၅-၂၀၁၆ ခု



D/real(wide) (3

ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ဥပဒေအဖြစ် အတည်ပြု ပြဋ္ဌာန်းပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အစည်းအဝေး၏ ပထမနေ့၌ တင်သွင်းခဲ့သော ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က အတည်ပြုပါသည်။)**

သဘောတူတဲ့အတွက် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဆွေးနွေးရန် ကိုယ်စားလှယ် အမည်စာရင်း ပေးသွင်းခြင်း မရှိပါ။



D/real(wide) (3



စုစုပေါင်း ခွင့်ပြုထားသူ(၂၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆) (ဒုတိယနေ့) တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။-

**[ သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ ကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဆွေးနွေးရန် ကိုယ်စားလှယ်အမည်စာရင်း ပေးသွင်းခြင်း မရှိပါ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်က ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အစီအစဉ်(၈)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဤဥပဒေကြမ်းကို အတည်ပြုပေးဖို့အတွက် အဆိုပြုပေးရန်ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** အားလုံး မင်္ဂလာပါ။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး(၁/၂၀၁၆)ကို ကြွရောက်လာသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့် ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။



D/real(wide) (3



မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်ဖြစ်ပါတယ်။ တင်ပြချက်များကို ကိုယ်စားလှယ်များထံ CD ဖြင့် ကြိုတင်ဖြန့်ဝေပြီး ဖြစ်တဲ့အတွက် အကျဉ်းချုပ်တင်ပြသွားမှာဖြစ်ပါတယ်။

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးကွပ်ကဲမှု အောက်တွင် ဌာန (၇)ခုရှိပြီး ၎င်းဌာနများမှာ ပြည်နယ်ရဲတပ်ဖွဲ့၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရှမ်းပြည်နယ်မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၏ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်းတွင် ၁၀၇၀ ကြိမ်နှင့် အင်အား အရာရှိနှင့်အခြားအဆင့် ၁၃၉၁၂ ဦးဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ မှုခင်းပိုင်းဆိုင်ရာအနေဖြင့် အမှုကြီး ၁၀ မျိုး ၂၄၁ မှု ဖြစ်ပွားခဲ့ပြီး ပြည်နယ်ချုပ်အနေဖြင့် စွဲချက်တင် ၂၀၈ မှု၊ ပိတ်သိမ်း ၆ မှု၊ လက်ကျန် ၂၇ မှု ဖြစ်ပါတယ်။ အခြားအမှု ၁၀ မျိုး ၃၇၂၄ မှု ဖြစ်ပွားခဲ့ပြီး စွဲချက်တင် ၃၃၇၀ မှု၊ ပိတ်သိမ်း ၁၇၇ မှု၊ လက်ကျန် ၁၇၇ မှု ဖြစ်ပါတယ်။ ကြိုတင်ကာကွယ်မှု(၁၀)မျိုး ၄၃၂၂ မှု ဖြစ်ပွားခဲ့ပြီး စွဲချက်တင် ၄၂၆၁ မှု၊ ပိတ်သိမ်း ၂၁ မှု၊ လက်ကျန် ၄၀ မှုဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အနေဖြင့် ရှမ်းပြည်နယ်မူးယစ်ဆေးဝါးဖမ်းဆီးမှုစာရင်းချုပ် ၂၂၄၉ မှုဖြစ်ပြီး အမျိုးသား ၂၇၄၆ ဦး၊ အမျိုးသမီး ၃၄၄ ဦး ဖမ်းဆီးရရှိခဲ့ပါတယ်။ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုမှာ စုစုပေါင်းသန်းပေါင်း ၈၀၅၅၃ သန်းကျော်ခန့် ဖမ်းဆီးရရှိခဲ့ပါတယ်။ ဘိန်းစိုက်ရာသီ

အတွင်းမှာ ရှမ်းပြည်နယ်တစ်ခုလုံး၌ (၂၇-၁၂-၂၀၁၅)ရက်နေ့အထိ ဘိန်းခင်း ၇၁၂၉. ၆၇ ဧက ဖျက်ဆီးပြီးဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ ဇွန် လ ၂၆ ရက်နေ့တွင် ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော တန်ဖိုးအားဖြင့် မြန်မာကျပ်ငွေ သန်းပေါင်း ၉၂၀၁၅ သန်းကျော်၊ အမေရိကန်ဒေါ်လာ ၈၁ သန်းကျော် တန်ဖိုးရှိသော မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးနိုင်ခဲ့ပါတယ်။ UNODC မှ ဟိုပုံးမြို့နယ်နှင့် လွိုင်လင်မြို့နယ်များတွင် တောင်သူ ၆၃၇ ဦး အတွက် ဘိန်းအစားထိုးသီးနှံ ကော်ဖီစိုက်ဧက ၁၂၉၃ ဧက စိုက်ပျိုးပေးနိုင်ခဲ့ ပါတယ်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ပူးပေါင်း ဆောင်ရွက်မှု အနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကဏ္ဍ (၅)ရပ် ဖြစ်သော မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင် တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခြင်း ခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မူဝါဒနှင့်ပူးပေါင်း ဆောင်ရွက်ရေးတွင် ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်မှု ၁၇ ကြိမ်၊ တားဆီးကာကွယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု ၁၇ ကြိမ်၊ NGO များနှင့် ပူးပေါင်း ဆောင်ရွက်မှု ၁၆ ကြိမ်၊ ပညာရေး ဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု ၅၄ ကြိမ် စုစုပေါင်း ၁၀၄ ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကြိုတင်ကာကွယ်ရေးကဏ္ဍအနေဖြင့် ဌာနဆိုင်ရာ၊ ကျောင်းသားလူငယ်များ၊ ပြည်သူလူထုများသို့ အသိ ပညာပေးမှု၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးမှုများကိုဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။

တရားစွဲဆိုရေးကဏ္ဍတွင် လူကုန်ကူးမှု ၃၄ မှု၊ ပြည်ပ အလုပ်အကိုင်ဖြင့် အရေးယူမှု ၆ မှု အရေးယူ ဆောင်ရွက်နိုင်ခဲ့



D/real(wide) (3



**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အစည်းအဝေး၏ ပထမနေ့၌ တင်သွင်း ခဲ့သော **၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ရှမ်းပြည်နယ်၏ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)**အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူ ပါသည်။)

သဘောတူတဲ့အတွက် **၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)**အား လွှတ်တော် က အတည်ပြုကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ လုပ်ငန်း ဆောင်ရွက်ချက်များအား လွှတ်တော်သို့ရှင်းလင်း တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနရှိ ဦးစီးဌာန များ၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်ချက်များအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ရှင်းလင်းတင်ပြပေးဖို့ဖိတ်ခေါ် ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး

ပါတယ်။ လူကုန်ကူးခံရသူပေါင်း ၉၀ ဦးကို ကာကွယ်စောင့်ရှောက်ပေးနိုင်ခဲ့ပါတယ်။ စွမ်းရည်မြှင့်တင်ရေးကဏ္ဍ ၁၄ ကြိမ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျား၊ မ စုစုပေါင်း  ၉၈၃ ဦး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဆောင်ရွက်ချက်တွင် ကွပ်ကဲရေးအနေဖြင့် စုံစမ်းမှု ၁၁ မှု၊တင်ပြပြီးစီးမှု ၁၀ မှု၊ ရပ်စဲ ၇ မှု၊  စောင့်ဆိုင်းဆဲ ၃ မှု၊ လက်ကျန် ၁ မှု ဖြစ်ပါတယ်။ စုံစမ်းခဲ့သည့် အခြေပြဇယားတွင် ဝန်ထမ်းပိုင်းဆိုင်ရာ ၈ မှု၊ စီးပွားရေးဆိုင်ရာ ၂ မှု၊  အခြားအမှု ၁ မှု ဖြစ်ပါတယ်။ တရားခံပြေးနှင့်ပတ်သက်သည့် အခြေပြဇယားတွင် ၂၀၁၅ ခုနှစ်အတွင်းတွင် ယနေ့ထိ တရားခံပြေး ၄၉ ဦးကျန်ရှိကြောင်း တင်ပြအပ်ပါတယ်။

နယ်မြေသတင်းတင်ပြနိုင်မှုမှာ  နိုင်ငံရေး၊  စီးပွားရေး၊ ဝန်ထမ်းရေးရာ၊ စီမံခန့်ခွဲရေးနှင့် အထွေထွေ နယ်မြေသတင်းများကို တင်ပြနိုင်ခဲ့ပါတယ်။ လုံခြုံရေးဆောင်ရွက်မှုမှာ ၂၀၁၅ ခုနှစ်အတွင်း ရှိရင်းအမှုဆောင်ဝန်ထမ်းအင်အား  ၇၁ ဦး ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာကို ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၌ ငွေလုံးငွေရင်းခွင့်ပြုငွေ ၂၂၅ သန်းဖြင့်  တောင်ကြီးမြို့နယ် ၊ ရေအေးကွင်းရပ်ကွက်တွင် ဆောက်လုပ်ပြီးစီးပြီ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို  တင်ပြသွားမှာ  ဖြစ်ပါတယ်။  ရည်မှန်းချက်မှာ  မီးဘေး လုံခြုံရေး၊  သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊  ရှာဖွေ ကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည်ဖြင့် (၄)ရပ်ထားရှိပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိပါတယ်။  မီးသတ် စခန်းများဖွဲ့စည်းထားရှိမှုမှာ ရှမ်းပြည်နယ်တစ်ခုလုံးတွင် ၁၂၉ ခု ဖြစ်ပါတယ်။ မီးသတ်ဦးစီးမှူးရုံးများကို ခရိုင် ၈ ခု၊ မြို့နယ် ၄၉ ခု၊



D/real(wide) (3



အိမ်ထောင်စုစာရင်းအရ အသက်အရွယ်အလိုက် လူဦးရေစာရင်းမှာ ၅၀၁၂၃၂၈ ဦး၊ ရှမ်းပြည်နယ်အတွင်းရှိ အသက်အပိုင်းအခြားအလိုက် အခြေခံလူဦးရေစာရင်း ၅၃၃၃၃၃၆ ဦး၊ အသက် (၁၀)နှစ်နှင့်(၁၈)နှစ်ကြား  လူဦးရေနှင့်ကတ်ပြား  တစ်မျိုးမျိုး ကိုင်ဆောင်မှုပေါင်း ၈၉၁၉၇၅ ကတ်၊  အသက် (၁၈)နှစ် အထက် လူဦးရေနှင့်ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင်ထားရှိမှု ၃၁၃၅၇၈၀ ကတ်၊ အသက်(၁၀)နှစ်နှင့် (၁၈)နှစ်ကြားနှင့်  (၁၈)နှစ် အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးပွင့်အထူး စီမံချက်နှင့်မိုးပွင့် အထူးစီမံချက်အပိုင်း(၂)ဖြင့် ထုတ်ပေးနိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး  ရှမ်းပြည်နယ်ဒေသဆိုင်ရာ  လုပ်ငန်း ကော်မတီ  ဆောင်ရွက်ချက်များကို  တင်ပြသွားမှာ  ဖြစ်ပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏  ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့်  လမ်းတံတားလုပ်ငန်း၊ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်းများအတွက် ‘ဝ’ဒေသ ကျပ်သန်း ၁၀၃၉.၃၄၀၊ ကိုးကန့်ဒေသ ကျပ်သန်း ၁၀၆၄.၆၀၀၊ ပလောင်ဒေသ ကျပ်သန်း ၉၄၂.၀၄၀၊ ပအိုဝ်း ကျပ်သန်း ၁၇၈၃.၀၁၀၊ ခနုဒေသ ကျပ်သန်း ၁၄၂၄.၆၂၅၊  ရှမ်းမြောက်ဒေသ  ကျပ်သန်း  ၂၃၉၄.၀၈၀၊ ရှမ်းအရှေ့ဒေသ ကျပ်သန်း ၆၃၂.၉၁၀၊ ရှမ်းတောင်ဒေသ ကျပ်သန်း ၅၃၈၁.၆၁၅  စုစုပေါင်း  ကျပ်သန်းပေါင်း  ၁၄၆၆၂.၂၂၀ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆောင်ရွက်ချက်များမှာ ၂၀၁၅ ခုနှစ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်  အော်တိုတယ်လီဖုန်း ၂၁၀၅၆၊  ADSL ၁၀၄၀ လုံး၊ မိုဘိုင်းစခန်း ၁၆၆ ခု၊ မိုဘိုင်းတယ်လီဖုန်း  ၃၃၀၁၅၅  လုံး   တပ်ဆင်ပြီးစီးခဲ့ပါတယ်။ ကုမ္ပဏီမှ တာဝါတိုင် ၁၈၇ ခု တည်ဆောက်ထားပြီး ၇၀ ခု ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်  အော်တိုတယ်လီဖုန်း

၁၆၃၁၉၊ ADSL ၄၁၃ လုံး၊ မိုဘိုင်းစခန်း ၈၉ ခု၊ မိုဘိုင်းတယ်လီဖုန်း ၂၃၇၄၅၂ လုံး တပ်ဆင်ပြီးစီးခဲ့ပါတယ်။ ကုမ္ပဏီမှ တာဝါတိုင် ၂၃၈ ခု တည်ဆောက်ထားပြီး ၅၂ ခု ဖွင့်လှစ်နိုင်ခဲ့ ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် အော်တို တယ်လီဖုန်း ၆၉၁၆၊ ADSL ၂၇၆ လုံး၊ မိုဘိုင်းစခန်း ၇၂ ခု၊ မိုဘိုင်းတယ်လီဖုန်း ၁၁၄၉၈၂ လုံး၊ တပ်ဆင်ပြီးစီးခဲ့ပါတယ်။ ကုမ္ပဏီမှ တာဝါတိုင် ၉၀ ခု တည်ဆောက်ထားပြီး ၁၃ ခု ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခုနှစ် လုပ်ငန်း ဆောင်ရွက်ချက်များနှင့် စုံစမ်းရေးကော်မရှင် အစီရင်ခံစာပါ မြေယာကိစ္စရပ်များဖြေရှင်းဆောင်ရွက်မှု အခြေအနေတို့အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနရှိ ဦးစီးဌာန များ၏ ၂၀၁၅-၂၀၁၆ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စုံစမ်းရေး ကော်မရှင်အစီရင်ခံစာပါ မြေယာကိစ္စရပ်များ ဖြေရှင်း ဆောင်ရွက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာ



D/real(wide) (4



နယ်မြေ ၄၂ ခုနှင့် တပ်ဖွဲ့ဝင်အင်အား ၉၄၂ ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ မီးသတ်တပ်သားသစ်များကို အစီရင်ခံသည့်ကာလအတွင်း ၃၀၀ ဦး ခန့်ထားနိုင်ခဲ့ပါတယ်။ မီးငြိမ်းသတ်ယာဉ်၊ မီးသတ်စက်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ မီးသတ်အထောက်အကူပြုယာဉ်၊ သူနာတင်ယာဉ်၊ မီးသတ်ရေယာဉ်၊ စက်လှေ စုစုပေါင်း မီးသတ် ရေယာဉ်စက်အင်အား ၄၀၀ စီး ဖြည့်တင်းနိုင်ခဲ့ပါတယ်။ ၂၀၁၂- ၂၀၁၃ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ရှမ်းပြည်နယ် တစ်ခုလုံးတွင် မီးသတ်ရေယာဉ် ၃၈၇ စီး၊ မီးသတ်ယာဉ်စက်စုစုပေါင်း ၇၃၂ စီး ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။

တည်ဆောက်ရေးလုပ်ငန်းများတွင် မီးသတ်လုပ်ငန်းများအတွက် လုပ်ငန်းတန်ဖိုး ကျပ်သန်းပေါင်း ၁၁၀၉၁ သန်း ဆောက်လုပ်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရှမ်းတောင်တွင် ၂၂၄. ၀၆၄ သန်း၊ ရှမ်းရှေ့တွင် ၁၀၀ သန်း၊ ရှမ်းမြောက်တွင် ၂၀၀ သန်း စုစုပေါင်း ၅၆၄. ၀၆၄ သန်း ဆောက်လုပ်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရှာဖွေကယ်ဆယ်ရေးဝတ်စုံ ၂၀၆၃ စုံနှင့် အသက်ကယ်အင်္ကျီ ( Life Jacket) ၁၀၈၅ ထည် ဖြည့်တင်းပေးနိုင်ခဲ့ပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လုပ်ငန်းများကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ရည်မှန်းချက် (၃)ရပ်မှာ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသား မှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း၊ ပြည်သူ့အင်အား စာရင်း ကောက်ယူ ထိန်းသိမ်းရေးလုပ်ငန်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်း အခွန်ငွေ ရရှိမှုမှာ ကျပ်သန်းပေါင်း ၃၄၆၈. ၇၃၂ ဖြစ်ပါတယ်။ နိုင်ငံခြားသား ထိန်းသိမ်းရေးဆောင်ရွက်မှုတွင် တရားမဝင်ဝင်ရောက်လာသူ နိုင်ငံခြားသားများအား ကျား၊ မပေါင်း ၅၄ ဦး တရားစွဲဆိုနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံကူးလက်မှတ်(Passport) ထုတ်ပေးနိုင်မှုအခြေအနေမှာ ကျား၊ မ ပေါင်း ၁၂၂၉၃ ဦး ဖြစ်ပါတယ်။

ပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအခြေအနေများနှင့် စုံစမ်းစစ်ဆေးရေး ကော်မရှင်အစီရင်ခံစာပါ မြေယာကိစ္စရပ်များ အပေါ် ဖြေရှင်း ဆောင်ရွက် ပြီးစီးမှုကို အကျဉ်းချုံးပြီး တင်ပြမှာဖြစ်ပါတယ်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနအောက်မှာ ယခင်ဦးစီးဌာန (၁၂) ခု ရှိသော်လည်း စက်မှုသီးနှံဖွံ့ဖြိုးတိုးတက်မှုသည် စိုက်ပျိုးရေးဦးစီးဌာနနှင့်လည်းကောင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနဟာ ဆည်မြောင်းဦးစီးဌာနနှင့် ပေါင်း၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနဟူ၍လည်းကောင်း ပူးပေါင်းလိုက်တဲ့အတွက် ဦးစီးဌာန (၁၀)ခုသာ ရှိပါတယ်။ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့် ပါဝါပွိုင့်တင်ပြချက်များကို CD ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အဓိကအားဖြင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး၊ လေ့ကျင့်ပညာပေးရေးနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ပါတယ်။ ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်၏ မိုးရွာသွန်းမှုအခြေအနေမှာ ၈၈ ရက်ရွာသွန်းပြီး ၅၂.၈၆ လက်မ ရွာသွန်းကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်၏ အပူချိန်မှာ အနိမ့်ဆုံးအပူချိန် ၆ ဒီဂရီ စင်တီဂရိတ်၊ အမြင့်ဆုံးအပူချိန်မှာ ၃၉ ဒီဂရီစင်တီဂရိတ် ဖြစ်ပါတယ်။ မိုးစပါးသီးနှံကို ယခင်နှစ်ထက် ၂၅၁၅၆ ဧက လျော့နည်းစိုက်ပျိုးခဲ့သော်လည်း အထွက်နှုန်း တိုးလာတာဖြစ်တဲ့အတွက် ဒေသဝမ်းစာဖူလုံမှုရှိကြောင်းတင်ပြအပ်ပါတယ်။ အစေ့ထုတ်ပြောင်းကို ယခင်နှစ်ထက် ဧကပေါင်း ၄၁၈၅၅ ဧက ပိုမို



D/real(wide) (4



ရေပေးဝေရန်အတွက် ရေတင်လုပ်ငန်း ၈ ခု၊ ရေရှားပါးသော ဒေသများအတွက် မြေအောက်ရေတူးဖော်မှုမှာ စက်ရေတွင်းပေါင်း ၄၁ ခု၊ ရေခက်ခဲသော ကျေးလက်ဒေသများအတွက် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်း ၅ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

စက်မှုလယ်ယာလုပ်ငန်း၏ အဓိကလုပ်ငန်းမှာ ထွန်ယက်ရေး ဝန်ဆောင်မှုလုပ်ငန်း၊လယ်ယာသုံးစက်ကိရိယာ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၊ တောင်သူပညာပေးလုပ်ငန်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းနှင့် After Sale Service လုပ်ငန်းများ၊ စက်မှုလယ်ယာစနစ်ကျ လယ်ကွက်များ ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ် ရှမ်းပြည်နယ်တွင် လက်ကိုင်ရှည် လက်တွန်းထွန်စက် ၇၈၃ စီး၊ ရိတ်သိမ်း ခြွေလှေ့စက် ၅ စီး ဖြန့်ဖြူး နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်တွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ရေး စီမံကိန်းရုံး ၃ ရုံး ရှိပြီး ရည်ရွယ်ချက်မှာ ရွှေ့ပြောင်းတောင်ယာစနစ်ကို လှေကားထစ်လယ်ယာမြေစိုက်ပျိုးရေးစနစ်ဖြင့် အစားထိုးရန်၊ ဒေသအတွင်းစားနပ်ရိက္ခာဖူလုံပိုလျှံရေးကို အထောက်အကူပြုစေရန်၊ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် ရွှေ့ပြောင်းနေထိုင်စိုက်ပျိုးသည့် အခြေအနေမှ အတည်တကျအခြေချ နေထိုင်စိုက်ပျိုးသည့်ဘဝကို ထူထောင်ပေးရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အကျိုးပြုစေရန် ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားဧက ၆၀၀ ဖြစ်ပြီး၊ (၂၇-၁၂-၂၀၁၅) ရက်နေ့အထိ ၁၇၅ ဧက ဖော်ထုတ်ဆောင်ရွက်ပေးပြီးကြောင်း တင်ပြအပ်ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေပေါင်း ၆၂၁. ၈၈ သန်းဖြစ်ပြီး သုံးငွေ ၈၄၀. ၃၈ သန်း၊ ချေးငွေ ထုတ်ပေးမှုမှာ မြို့နယ် ၃၇ မြို့နယ်၊ အစုအဖွဲ့ပေါင်း ၉၆၃၅ စု၊ လူဦးရေ ၃၀၃၅၆၊ ဧကပေါင်း ၁၆၄၅၈၆ အတွက် ကျပ်သန်းပေါင်း ၁၁၅၂၂. ၉၂ ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ ၂၀၁၆ အတွက် ချေးငွေ ကျပ်သန်းပေါင်း ၆၉၅၀. ၄၀ ထပ်မံထုတ်ပေးရန်လျာထားပါတယ်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မွေးမြူရေးဇုန် ထူထောင်ထားရှိမှု အနေဖြင့် ရှမ်းရိုးမမွေးမြူရေးဇုန်တွင် ၄၂၆. ၆၇ ဧက ရှိပြီး မွေးမြူသူဦးရေ ၄၆ ဦး၊ မွေးမြူရေးခြံ ၁၃၂ ခြံ၊ မွေးမြူသောကြက်ကောင်ရေ ၄၅၀၀၀၀၊ တစ်ရက်ပျမ်းမျှကြက်ဥလုံးရေ ၃၅၀၀၀၀ ၊ ကျောက်မဲမွေးမြူရေးဇုန်တွင် ၇၈ ဧက ရှိပြီး မွေးမြူသူဦးရေ ၂၃ ဦး၊ မွေးမြူရေးခြံ ၁၃၈ ခြံ၊ မွေးမြူသောကြက်ကောင်ရေ ၄၀၀၀၀၀၊ တစ်ရက်ပျမ်းမျှကြက်ဥလုံးရေ ၂၉၀၀၀၀ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်တွင် ပေါင်းစည်းလယ်ယာဆောင်ရွက်ထားရှိမှု ၄ ခု ရှိကြောင်းတင်ပြအပ်ပါတယ်။ နို့ပြုပြင်ထုတ်လုပ်ရေးစက်ရုံ (၂)ရုံ လည်ပတ်ဆောင်ရွက်လျက်ရှိပြီး (၃)ရုံမှာတည်ဆောက်ဆဲ ဖြစ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊ ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန် ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုလုပ်နိုင်ရန်၊ တိုင်းရင်းသားငါးမျိုးများရေရှည်တည်တံ့ထိန်းသိမ်းရေးဆောင်ရွက်ရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး



D/real(wide) (4



စိုက်ပျိုးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၅ - ၂၀၁၆ ခုနှစ် ရှမ်းပြည်နယ်၏ ဒေသဝမ်းစာဖူလုံမှု လျာထားချက်မှာ ၁၁၇. ၇၉ ရာခိုင်နှုန်း၊ စားသုံးဆီဖူလုံမှုမှာ ၇၇. ၅၁ ရာခိုင်နှုန်း ရရှိနိုင်ကြောင်း တင်ပြအပ်ပါတယ်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန လုပ်ငန်းမှ အဓိကအားဖြင့် မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ပြည့်စုံစွာထားရှိရေး၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုစာရင်းများ မှန်ကန်စွာပြုစုရေး၊ မြေယာအသုံးချမှု စာရင်းများမှန်ကန်စွာပြုစု ထုတ်ပြန်ရေး၊ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများနှင့်အညီ လယ်ယာမြေနှင့် မြေလွတ်မြေလပ်များ၊ မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ငန်းများဆောင်ရွက်ရေး၊ လယ်ယာစီးပွားစစ်တမ်း ကောက်ယူရေး၊ စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် မြေအသုံးချမှုမှာ လက်ရှိစိုက်ပျိုးနိုင်သည့်မြေ ၃၅၀၇၅၃၈ ဧက၊ အသားတင်စိုက်ပျိုးမြေ ၃၀၂၃၀၂၉ ဧက၊ လပ်ထားသောမြေ ၄၈၄၅၀၉ ဧက၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ၈၅၂၉၈၄၂ ဧက၊ တောရိုင်းမြေ ၁၁၂၃၃၁၁၁ ဧက၊ မြေရိုင်း ၄၆၆၆၆၁၅ ဧက၊ စိုက်ပျိုးခြင်းမပြုနိုင်သောမြေ ၁၀၅၆၂၂၃၉ ဧက ရှိကြောင်းတင်ပြအပ်ပါတယ်။ လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးပြီးစီးမှုဆောင်ရွက်ပြီးစီးမှုမှာ ၈၄ ရာခိုင်နှုန်းဖြစ်ပါတယ်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းအရေအတွက်မှာ ၆၁ ခု၊ သာမန်အသုံးစရိတ်ဖြင့် လုပ်ငန်း ၁၅၉ ခုဖြစ်ပါတယ်။ လယ်ယာမြေများ

အထောက်အကူပြု ငါးမွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာစေရန်တို့ ဆောင်ရွက်လျက် ရှိပါတယ်။

ရှမ်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခုအပါအဝင် စုစုပေါင်း ကတ္တရာလမ်း (၂၆/၇. ၁၀)မိုင်၊ ကျောက်လမ်း (၁၇၂/၇. ၄၉) မိုင်၊ မြေလမ်း (၂၆၇/၀. ၁၀)၊ စုစုပေါင်း (၄၆၆/၆. ၆၉)မိုင် ဖောက်လုပ်ပေးလျက်ရှိပြီး လုပ်ငန်းတန်ဖိုး ကျပ်သန်းပေါင်း ၁၆၇၇၇. ၇၉၈ သန်း၊ လုပ်ငန်းအားလုံး ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အပါအဝင် ရှမ်းပြည်နယ်အတွင်း ကွန်ကရစ်တံတား ၅၅ စင်း၊ ၁၂၃၅ ပေ၊ သစ်သားတံတား ၄၀ စင်း၊ ၁၁၉၄ ပေ၊ ရေကျော်တံတား ၁ စင်း၊ ၃၀ ပေ၊ အခြားလုပ်ငန်း ၁၅၆၊ ၇၈၆ ပေ၊ စုစုပေါင်း တံတားနှင့် အခြားလုပ်ငန်းပေါင်း ၂၅၂ ခု ဖြစ်ပြီး ၃၂၄၅ ပေ၊ လုပ်ငန်းတန်ဖိုး ကျပ်သန်းပေါင်း ၂၁၅၇. ၂၁၃၉ ဖြစ်ပါတယ်။ လုပ်ငန်းအားလုံး ၇၂ ရာခိုင်နှုန်းပြီးစီးပြီး ဖြစ်ပါတယ်။

ရေပေးရေးလုပ်ငန်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းအပါအဝင် ကျေးရွာပေါင်း ၅၇၂၀ ရွာ၊ ရေရရှိရေးအတွက် တွင်းတိမ် ၃၁ တွင်း၊ တွင်းနက် ၄၄ တွင်း၊ လက်တူးတွင်း ၈၉ တွင်း၊ မြေသားရေကန် ၄၂ ခု၊ စိမ့်စမ်းရေသွယ်လုပ်ငန်း ၃၅၃ ခု၊ အခြား ၅၀ ခု၊ စုစုပေါင်း ရေရရှိရေးလုပ်ငန်းပေါင်း ၅၃၅ ခု၊ လုပ်ငန်းတန်ဖိုး ကျပ်သန်းပေါင်း ၆၉၉၇. ၄၄၁၀သန်း ဖြစ်ပြီး လုပ်ငန်းအားလုံး ၈၆ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါတယ်။

မီးလင်းရေးလုပ်ငန်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းအပါအဝင် လျှပ်စစ်မီးလင်းရေး ၃၂၊ တန်ဖိုး ကျပ်သန်းပေါင်း ၅၅၆. ၉၂၊ ဆိုလာ ၂၄၅၅၁ ခု၊ တန်ဖိုး ကျပ်သန်းပေါင်း၅၀၇၂. ၁၂၊ ရေအားလျှပ်စစ် ၂၅ ခု၊ တန်ဖိုး ကျပ်သန်းပေါင်း ၁၅၀၊ လုပ်ငန်း





ဧက၊ စိုက်ပျိုးမြေမဟုတ်သော အခြားမြေ လွှဲပြောင်းပေးအပ်မှု ၃၇၉၂၇. ၅၂၈ ဧက၊ ပုံစံ (၃)ဖြင့် လွှဲပြောင်းပေးရန် ဆောင်ရွက်ဆဲ ၂၈၈. ၅၇၀ ဧက ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း အစီရင်ခံစာ အပိုင်း(၁)မှ (၁၆)ထိပါ မြေယာကိစ္စရပ်များအပေါ် ဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေတွင် ဖြေရှင်းဆောင်ရွက်သည့် အမှု ၂၂၇၉ မှု၊ ဆောင်ရွက်ပြီးစီးသည့်အမှု ၁၉၉၃ မှု၊ စိစစ်ဖြေရှင်းဆဲအမှု ၂၈၆ မှု၊ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာပေါင်း ၁၁၀၇၀. ၆၄၅ ဧက၊ လွှဲပြောင်းပေးအပ်သည့် မြေဧရိယာပေါင်း ၁၂၇၈၂. ၀၇၅ ဧက၊ စိုက်ပျိုးမြေအဖြစ်လွှဲပြောင်း ပေးအပ်ပြီးမြေဧရိယာ ၇၈၆၈. ၉၃၉ ဧက၊ စိုက်ပျိုးမြေမဟုတ်သော အခြားမြေများ လွှဲပြောင်းပေးအပ်မှု ၄၉၁၃. ၁၃၆ ဧက၊ ပုံစံ (၃)ဖြင့် လွှဲပြောင်းပေးရန် ကျန်ဧရိယာ ၂၈၈. ၅၇၀ ဧက ဖြစ်ပါတယ်။

အစီရင်ခံစာ အပိုင်း (၁၊၂၊၃) ပါ မြေယာကိစ္စများ ဖြေရှင်းဆောင်ရွက်ပေးမှုတွင် အစီရင်ခံစာအပိုင်း(၁)မှာ ၅၇ မှု၊ အပိုင်း (၃)မှာ ၁၇ မှု၊ စုစုပေါင်းဖြေရှင်းဆောင်ရွက်မှု ၇၄ မှုကို ဖြေရှင်းဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၅၅၃၄. ၁၄၉ ဧက ကို လွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါတယ်။

အစီရင်ခံစာအပိုင်း(၅)တွင် ဖြေရှင်းဆောင်ရွက်သည့်အမှု ၃၆၃ မှု၊ ပြန်လည်စွန့်လွှတ်သည့်မြေဧရိယာ ၃၇၇၁. ၀၂၆ ဧက ကို လွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါတယ်။ အစီရင်ခံစာ အပိုင်း (၆)တွင် ဖြေရှင်းဆောင်ရွက်သည့်အမှုပေါင်း ၆၂၈ မှု၊ ဖြေရှင်းဆောင်ရွက်ပြီး အမှုပေါင်း ၅၉၇ မှု၊ စိစစ်ဖြေရှင်းဆဲ ၃၁ မှု၊ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၁၉၁၆. ၆၀၀ ဧက၊ လွှဲပြောင်းပေးအပ်ပြီးမြေဧရိယာ ၁၇၂၁. ၈၀၀ ဧက၊ ပုံစံ(၃)ဖြင့် ဆက်လက်လွှဲပြောင်းပေးအပ်ရန် ကျန်ဧရိယာ ၁၉၄. ၈၀၀ ဧက ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အစီရင်ခံစာအပိုင်း(၇)တွင် ဖြေရှင်းဆောင်ရွက်ရမည့် အမှု ၂၅၉ မှု၊ ဖြေရှင်းဆောင်ရွက်ပြီး အမှုပေါင်း ၂၅၇ မှု၊ စိစစ်ဖြေရှင်းဆဲ ၂ မှု၊ ပြန်လည်စွန့်လွှတ်သည့်မြေဧရိယာပေါင်း ၁၇၄၄. ၁၀၀ ဧက ဖြစ်ပြီး အားလုံးလွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါတယ်။ အစီရင်ခံစာ အပိုင်း(၈)တွင် ဖြေရှင်းဆောင်ရွက်ရမည့် အမှု ၁၉၂ မှု၊ ဖြေရှင်း ဆောင်ရွက်ပြီး အမှုပေါင်း ၁၈၅ မှု၊ စိစစ်ဖြေရှင်းဆဲ ၇ မှု၊ ပြန်လည် စွန့်လွှတ်သည့်မြေဧရိယာပေါင်း ၁၀ ဧကဖြစ်ပြီး တောင်သူများထံ ပုံစံ (၃)ဖြင့် လွှဲပြောင်းပေးအပ်ရန် ဆောင်ရွက်လျက် ရှိပါတယ်။

အစီရင်ခံစာအပိုင်း(၉)တွင် ဖြေရှင်းဆောင်ရွက်ရမည့် အမှု ၂၁၅ မှု၊ ဖြေရှင်းဆောင်ရွက်ပြီး အမှုပေါင်း ၂၀၅ မှု၊ စိစစ်ဖြေရှင်းဆဲ ၁၀ မှု၊ ပြန်လည်စွန့်လွှတ်သည့်မြေဧရိယာပေါင်း ၄၂. ၅၂၀ ဧက ဖြစ်ပြီး တောင်သူများထံ ပုံစံ (၃)ဖြင့် လွှဲပြောင်းပေးအပ်ရန် ဆောင်ရွက်လျက် ရှိပါတယ်။ အစီရင်ခံစာ အပိုင်း (၁၀)တွင် ဖြေရှင်း ဆောင်ရွက်ရမည့်အမှု ၂၀၈ မှု၊ ဖြေရှင်းဆောင်ရွက်ပြီး အမှုပေါင်း ၁၆၄ မှု၊ စိစစ်ဖြေရှင်းဆဲ ၄၄ မှု၊ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ပေါင်း ၄၁. ၂၅၀ ဧက ဖြစ်ပြီး တောင်သူများထံ ပုံစံ (၃)ဖြင့် လွှဲပြောင်း ပေးအပ်ရန်ဆောင်ရွက်လျက်ရှိပါတယ်။

အစီရင်ခံစာအပိုင်း(၁၁)တွင် ဖြေရှင်းဆောင်ရွက်ရမည့် အမှု ၆၅ မှု၊ ဖြေရှင်းဆောင်ရွက်ပြီး အမှုပေါင်း ၅၁ မှု၊ စိစစ်ဖြေရှင်းဆဲ ၁၄ မှု၊ ပြန်လည်စွန့်လွှတ်သည့်မြေဧရိယာပေါင်း ၁၁ ဧက ဖြစ်ပြီး ပုံစံ (၃)ဖြင့် လွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါတယ်။ အစီရင်ခံစာ အပိုင်း (၁၂)တွင် ဖြေရှင်းဆောင်ရွက်ရမည့် အမှု ၇၂ မှု၊ ဖြေရှင်း ဆောင်ရွက်ပြီး အမှုပေါင်း ၆၁ မှု၊ စိစစ်ဖြေရှင်းဆဲ ၁၁ မှု၊ ပြန်လည် စွန့်လွှတ်သည့်မြေ မရှိသေးကြောင်း တင်ပြအပ်ပါတယ်။

အစီရင်ခံစာအပိုင်း (၁၃)တွင် ဖြေရှင်းဆောင်ရွက်ရမည့် အမှု ၄၈ မှု၊ ဖြေရှင်းဆောင်ရွက်ပြီး အမှုပေါင်း ၁၀ မှု၊ စိစစ်ဖြေရှင်းဆဲ





စုစုပေါင်း ၂၃၆၃၇ ခု၊ တန်ဖိုး ကျပ်သန်းပေါင်း ၅၇၇၉. ၀၄ သန်းဖြစ်ပြီး လုပ်ငန်းအားလုံး ၉၂ ရာခိုင်နှုန်းပြီးစီးပြီးဖြစ်ပါတယ်။

ကျေးလက်အိမ်ရာလုပ်ငန်းဆောင်ရွက်မှုတွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့်တိုင်းအပါအဝင် ရှမ်းပြည်နယ် တစ်ခုလုံး ၃၁၂ ခု၊ လုပ်ငန်းတန်ဖိုး ကျပ်သန်းပေါင်း ၉၅၉. ၇၄၀၅ သန်းဖြစ်ပြီး လုပ်ငန်းအားလုံး ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါတယ်။ ယင်လုံအိမ်သာလုပ်ငန်းတွင် ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၇၀ တွင် ၄ ခန်းတွဲအိမ်သာ ၂၄ လုံး၊ ၅ ခန်းတွဲ ၃၄ လုံး၊ အိမ်ထောင်စုသုံး ၂၀၉ လုံး၊ စုစုပေါင်း ၂၆၇ လုံးဆောက်လုပ် ပေးခဲ့ပြီး လုပ်ငန်းတန်ဖိုး ကျပ်သန်းပေါင်း ၃၂၃. ၁၉၄၀ သန်း၊ လုပ်ငန်းအားလုံး ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက် နိုင်မှုမှာ ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ရွာအရေအတွက် ၇၉၁ ရွာ၊ ယူနစ်ပေါင်း ၅၅၀ အတွက် ငွေကျပ် သိန်းပေါင်း ၁၆၅၀၀၀ ဖြစ်ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ်အတွင်း စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများပါ မြေယာကိစ္စရပ်များအပေါ် ဖြေရှင်းဆောင်ရွက် ပြီးစီးမှုနှင့် ပြန်လည်စွန့်လွှတ်မြေများအား လွှဲပြောင်းပေးအပ်မှု အခြေအနေ တင်ပြမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် အမှုတွဲပေါင်း ၂၄၀၀ မှု၊ အစီရင်ခံစာ ဖြေရှင်းဆောင်ရွက်မှု ၂၂၇၉ မှု၊ ဖြေရှင်းဆောင်ရွက်ပြီးတဲ့အမှုပေါင်း ၁၉၉၃ မှု၊ စိစစ်ဖြေရှင်းဆဲအမှုပေါင်း ၂၈၆ မှု၊ သီးခြားစွန့်လွှတ်မှု ၁၂၁ မှု၊ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာပေါင်း ၅၈၂၀၅. ၅၉၇ ဧက၊ လွှဲပြောင်းပေးအပ်ပြီးမြေဧရိယာပေါင်း ၅၇၉၁၇. ၀၂၇ ဧက၊ စိုက်ပျိုးမြေအဖြစ် လွှဲပြောင်းပေးအပ်ပြီး မြေဧရိယာ ၁၉၉၈၉. ၄၉၉

၃၈ မှု၊ ပြန်လည်စွန့်လွှတ်သည့်မြေမရှိသေးကြောင်း တင်ပြအပ်ပါတယ်။ အစီရင်ခံစာအပိုင်း (၁၄)တွင် ဖြေရှင်းဆောင်ရွက်ရမည့် အမှု ၅၅ မှု၊ ဖြေရှင်းဆောင်ရွက်ပြီး အမှုပေါင်း ၉ မှု၊ စိစစ်ဖြေရှင်းဆဲ ၄၆ မှု၊ ပြန်လည်စွန့်လွှတ်သည့်မြေမရှိသေးကြောင်း တင်ပြအပ်ပါတယ်။ အစီရင်ခံစာအပိုင်း (၁၅)တွင် ဖြေရှင်းဆောင်ရွက်ရမည့် အမှု ၅၂ မှု၊ ဖြေရှင်းဆောင်ရွက်ပြီး အမှုပေါင်း ၁၀ မှု၊ စိစစ်ဖြေရှင်းဆဲ ၄၂ မှု၊ ပြန်လည်စွန့်လွှတ်သည့်မြေမရှိသေးကြောင်း တင်ပြအပ်ပါတယ်။ အစီရင်ခံစာအပိုင်း (၁၆)တွင် ဖြေရှင်းဆောင်ရွက်ရမည့် အမှု ၄၈ မှု၊ ဖြေရှင်းဆောင်ရွက်ပြီး အမှုပေါင်း ၇ မှု၊ စိစစ်ဖြေရှင်းဆဲ ၄၁ မှု၊ ပြန်လည်စွန့်လွှတ်သည့်မြေမရှိသေးကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနများနှင့် ကုမ္ပဏီ/အဖွဲ့အစည်းများမှ သိမ်းယူ သီးခြား ပြန်လည်စွန့်လွှတ်သည့် မြေယာများအား လွှဲပြောင်းပေးအပ် ပြီးစီးမှုအခြေအနေတွင် သီးခြားပြန်လည်စွန့်လွှတ်သည့် အမှု ၁၂၁ မှု၊ ကာကွယ်ရေးဝန်ကြီးဌာနမှ သီးခြား စွန့်လွှတ်သည့် အမှုတွဲပေါင်း ၁၁၀ မှု၊ အခြားဝန်ကြီးဌာနမှ သီးခြားစွန့်လွှတ်သည့် အမှုတွဲ ၁၀ မှု၊ ကုမ္ပဏီ/အဖွဲ့အစည်းများမှ သီးခြားစွန့်လွှတ်သည့် အမှု ၁ မှု၊ ပြန်လည်စွန့်လွှတ်သည့်မြေဧရိယာ ၄၅၁၃၄. ၉၅၂ ဧက ဖြစ်ပြီး လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါတယ်။စိုက်ပျိုးမြေအဖြစ် လွှဲပြောင်းပေးအပ်ပြီး မြေဧရိယာ ၁၂၁၂၀. ၅၆၀ ဧက၊ စိုက်ပျိုးမြေမဟုတ်သော အခြားမြေများ လွှဲပြောင်း ပေးအပ်ပြီး မြေဧရိယာ ၃၃၀၁၄. ၃၉၂ ဧက ဖြစ်ပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာနမှ သီးခြားစွန့်လွှတ်သည့် အမှုတွဲ ၁၁၀ မှု၊ ပြန်လည်စွန့်လွှတ်မြေဧရိယာပေါင်း ၄၄၅၆၁. ၃၂၂ ဧက၊ လွှဲပြောင်းပေးအပ်ပြီး မြေဧရိယာပေါင်း ၄၄၅၆၁. ၃၂၂ ဧက၊





**ဦးစိုင်းနော်ခမ်း(ခ) ဦးတင်ထွန်းအောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေခွဲဝေရရှိမှုစာရင်းချုပ်ကို တင်ပြခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ငွေလုံးငွေရင်း ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေ ကျပ်သန်းပေါင်း စုစုပေါင်း ၅၇၁၆၃. ၁၂၁ သန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးဒေသမှ ကျပ်သန်းပေါင်း ၃၃၈၀၅. ၂၁၂ သန်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ကျပ်သန်းပေါင်း ၂၈၇၁၄. ၇၉၆သန်း၊ စုစုပေါင်း ရှမ်းပြည်နယ်တစ်ခုလုံးမှာ ၂၀၁၅ - ၂၀၁၆ ခုဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်သန်းပေါင်း ၁၁၉၆၈၃. ၁၂၉ သန်းကို လွှတ်တော်မှ ခွင့်ပြုထားပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ခွဲဝေရရှိတဲ့ ရန်ပုံငွေအသေးစိတ်စာရင်းဖြစ်ပါတယ်။ တောင်ကြီးခရိုင်မှ ကျပ်သန်းပေါင်း ၁၃၅၃၃. ၀၈၅ သန်း၊ လွိုင်လင်ခရိုင်မှ ကျပ်သန်းပေါင်း ၁၇၉၁၁. ၉၃၇ သန်း၊ လင်းခေးရိုင်မှ ကျပ်သန်းပေါင်း ၈၁၇၂. ၀၄၉ သန်း ၊ လမ်းအထူးအဖွဲ့ ၄ မှ ကျပ်သန်းပေါင်း ၇၁၈၅. ၃၃ သန်း၊ လမ်းအထူးအဖွဲ့ ၄ မှာ ရွှေညောင်- ရပ်စောက်- အင်တော- ကျောက်ဂူ-နောင်ချိုလမ်းကို ဆောင်ရွက်တဲ့အဖွဲ့ဖြစ်ပါတယ်။ လမ်းအထူးအဖွဲ့ ၅ မှ ကျပ်သန်းပေါင်း ၄၇၃၁. ၇၂ သန်းခွဲဝေပေးထားပြီး လမ်းအထူးအဖွဲ့ ၅ မှာ လင်းခေးခရိုင်၊ မိုင်းပန်မြို့ကို အခြေပြုပြီး မိုးနဲ-လင်းခေး-မိုင်းပန်-တာဆန်း လမ်းနှင့် လင်းခေး-ဝမ်ဟတ်လမ်းကို ဆောင်ရွက်တဲ့ အထူးအဖွဲ့ဖြစ်ပါတယ်။



D/real(wide) (4

လင်းခေးခရိုင်ကို ရန်ပုံငွေ ပိုထည့်ပေးထား ပါတယ်။ လမ်းအထူးအဖွဲ့ ၉ ကို ကျပ်သန်းပေါင်း ၃၉၂၀ဖြစ်ပြီး လမ်းအထူးအဖွဲ့ ၉ မှာ အောင်ပန်း- ပင်လောင်း-မိုးဗြဲ-လွိုင်ကော် လမ်းနှင့် ဟန်မြင့်မိုရ်-မြို့ကြီး-ရှာငံလမ်းကို တာဝန်ယူ ဆောင်ရွက်တဲ့ အထူးအဖွဲ့ဖြစ်ပါတယ်။ လမ်းအထူးအဖွဲ့ ၁၃ကို ကျပ်သန်းပေါင်း ၄၉၉ သန်းခွဲဝေပေးထားပြီး လမ်းအထူးအဖွဲ့ ၁၃ မှာ ကင်းတာ- လိန်းလီ- ကိုးကွေ့နဲ့ ပင်လောင်းလမ်းကို တာဝန်ယူဆောင်ရွက်တဲ့ အထူးအဖွဲ့ဖြစ်ပါတယ်။

တံတားအထူးအဖွဲ့ ၁၃ကို ကျပ်သန်းပေါင်း ၁၂၁၁ သန်းခွဲဝေပေးထားပါတယ်။ တံတားအထူးအဖွဲ့ ၁၃ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ အခြေပြုပြီးတောင်ပိုင်းမှာရှိနေသော ပေ ၅၀နှင့် အထက်ရှိသော စီမံကိန်းဝင်တံတားများကို ဆောင်ရွက်သော အထူးအဖွဲ့ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းအနေနဲ့ ကျပ်သန်းပေါင်း ၅၇၁၆၃. ၁၂ ရန်ပုံငွေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် ကျောက်မဲခရိုင်မှ ကျပ်သန်းပေါင်း ၅၄၄၁. ၅၂၃ သန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကျပ်သန်းပေါင်း ၂၆၅၂. ၇ သန်း၊ လားရှိုးခရိုင်မှ ကျပ်သန်းပေါင်း ၈၃၇၀. ၉၃ သန်း၊ မူဆယ်ခရိုင်မှ ကျပ်သန်းပေါင်း ၃၃၂၁. ၈၂၅ သန်း ခွဲဝေပေးထားပါတယ်။ မိုးမိတ် ခရိုင်သည် ခရိုင်အသစ်စတင် ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ မန္တလေး-မိုးကုတ်၊ စီဦး-ဗန်းမော်လမ်းမှာ တိုင်းဒေသကြီးဆက်သည့်လမ်းကို ပြည်နယ်ကနေ ခွဲဝေယူခြင်းဖြစ်ပါတယ်။ မိုးမိတ်-မဘိမ်းလမ်းကိုလည်း စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ဆက်သွယ်သည့် လမ်းတစ်ခုဖြစ်ပြီး အထူးဆောင်ရွက်တာ ဖြစ်သည့်အတွက် မိုးမိတ်ခရိုင်ကို ရန်ပုံငွေပိုမိုထည့်သွင်းဆောင်ရွက်ပေးထားခြင်းဖြစ်ပါတယ်။ ကျပ်သန်းပေါင်း ၅၄၂၆. ၈၃၇ သန်း ဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေနဲ့





စိုက်ပျိုးမြေအဖြစ် လွှဲပြောင်းပေးအပ်ပြီးမြေဧရိယာ ၁၁၅၆၁. ၃၁၀ ဧက၊ စိုက်ပျိုးမြေမဟုတ်သော အခြားမြေများ လွှဲပြောင်းပေးအပ်ပြီး မြေဧရိယာ ၃၃၀၀၀. ၀၁၂ ဧက၊ အခြားဝန်ကြီးဌာနမှ သီးခြား ပြန်လည် စွန့်လွှတ်သည့် အမှု ၁၀ မှု၊ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၅၂၃. ၆၃၀ ဧကဖြစ်ပြီး လွှဲပြောင်းပေးအပ်ပြီးဖြစ် ပါတယ်။ စိုက်ပျိုးမြေအဖြစ် လွှဲပြောင်းပေးအပ်ပြီးမြေဧရိယာ ၅၀၉. ၂၅၀ ဧက၊ စိုက်ပျိုးမြေမဟုတ်သောအခြားမြေများ လွှဲပြောင်း ပေးအပ်ပြီး မြေဧရိယာ ၁၄. ၃၈၀ ဧကဖြစ်ပါတယ်။

ကုမ္ပဏီအဖွဲ့အစည်းများမှ သီးခြားစွန့်လွှတ်သည့်အမှု ၁ မှု၊ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာပေါင်း ၅၀ ဧက၊ လွှဲပြောင်းပေးအပ်ပြီး မြေဧရိယာ ၅၀ ဧက၊ စိုက်ပျိုးမြေအဖြစ်လွှဲပြောင်းပေးအပ်ပြီး မြေဧရိယာ ၅၀ ဧက ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ**။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍအစီရင်ခံစာအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

ကျပ်သန်းပေါင်း ၂၃၀၂.၃၇၅ သန်း၊ " ဝ " ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအနေနဲ့ ၁၃၅၇.၉၉၅ သန်း ဖြစ်ပြီး ရန်ပုံငွေအနည်းငယ်ပိုနေသော်လည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတာဝန်ယူဆောက်လုပ်သည့် လမ်းပိုင်းကနည်းပြီး ခွဲပေးထားသည့် ရန်ပုံငွေများနေပါတယ်။

လမ်းအထူးအဖွဲ့ ၆ ဖြစ်ပါတယ်။ လမ်းအထူးအဖွဲ့ ၆ ကတော့ လားရှိုးမှာအခြေပြုပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်-မန်တုံလမ်း၊ သီပေါ-ပန်လုံ-နမ့်ဆန် လမ်း၊ နမ္မတူ-ဘော်တွင်းလမ်းကို ဆောင်ရွက်သည့် လမ်းအထူးအဖွဲ့ ၆ ဖြစ်ပါတယ်။ ရန်ပုံငွေကျပ်သန်းပေါင်း ၃၉၆၅.၀၂၇ သန်းခွဲဝေပေးထားတာဖြစ်ပါတယ်။ တံတားအထူးအဖွဲ့ ၄ လားရှိုးမှာအခြေစိုက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာရှိနေသည့်တံတားများကို ဆောင်ရွက်နေသည့် တံတားအထူးအဖွဲ့ဖြစ်ပြီး ကျပ်သန်းပေါင်း ၉၆၆ သန်း ခွဲဝေပေးထားခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွဲဝေပေးထားသည့် ရန်ပုံငွေဖြစ်ပါတယ်။ ကျိုင်းတုံခရိုင်မှ ကျပ်သန်းပေါင်း ၉၀၂၄.၈၈၂ သန်း၊ တာချီလိတ်ခရိုင်မှ ကျပ်သန်းပေါင်း ၄၉၇၅.၁၉ သန်း၊ မိုင်းဆတ်ခရိုင်မှ ကျပ်သန်းပေါင်း ၆၀၀၂.၉၈၈သန်း ဖြစ်ပါတယ်။ မိုင်းဆတ်ခရိုင်မှာ ပိုမိုများပြားရခြင်းအကြောင်းရင်းက နမ့်ဆန်-မိုးနဲ၊ မိုင်းတုံ-မိုင်းဆတ်လမ်းသည် ပြည်ထောင်စုလမ်း ဖြစ်ပြီး ပြည်နယ်ကိုပြန်လွှဲလိုက်တာဖြစ်ပါတယ်။ တာဆန်းတံတားမှ မိုင်းတုံ၊ မိုင်းတုံမှ မိုင်းဆတ် ၇၅ မိုင်ကို မြေလမ်းမှစပြီး စီမံကိန်းချပြီးဆောင်ရွက်တာဖြစ်သည့်အတွက် မိုင်းဆတ်ခရိုင်ကို ရန်ပုံငွေ ပိုမိုထည့်သွင်းထားခြင်းဖြစ်ပါတယ်။ မက်မန်းခရိုင် ၇၂၂.၄၅ သန်း၊ မက်မန်းခရိုင်ထဲမှာ လမ်းတစ်လမ်းပဲ ရှိပါတယ်။ မိုင်းပြင်း-မက်မန်းလမ်း ၇၃မိုင် ဖြစ်ပါ





ခင်းသည့်အတွက် ၁၄၉ မိုင် ၂ ဖာလုံ ကတ္တရာလမ်းဖြစ် သွားပြီဖြစ်ပါတယ်။ သို့သော်လည်း ဘဏ္ဍာရေးနှစ်အတွင်းမှာ အပြီးဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် မိုင်းကိုင်မြို့ တုံလော-ဆားတောလမ်း မိုင်တိုင် ၈၀/၈၂နှင့် ၈၄/၈၆ မြေပျော့သည့်နေရာတွင် ကတ္တရာအပြီးခင်းရတာဖြစ်သဖြင့် မိုးတွင်းကာလတွေမှာ အောက်ကမြေပျော့ပြီး ကတ္တရာလမ်းပေါက် တွေပြန်ဖြစ်ပါတယ်။ ၎င်းကို သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေနဲ့ ပြန်လည်ဆောင်ရွက်ရတာဖြစ်ပါတယ်။

လမ်းတံတားရေပြွန်နဲ့ အခြား လုပ်ငန်းများကို တင်ပြခြင်းဖြစ်ပါတယ်။ ကျောက်လမ်းခင်းခြင်း ၈၉ မိုင်၊ ရှမ်းပြည်နယ်ချုပ်အနေနဲ့ ၃၄ ပေ အကျယ် လမ်းတံတားတာဘောင်ချဲ့ခြင်း ၃၇၉ မိုင်ဆောင်ရွက်ပေးခဲ့ပါတယ်။ Box Culvert ၅ ပေ ၅ပေ ၊ ၂၄ ပေ၊ ပေ ၅၀၊ ပေ ၄၀၊ ပေ ၆၀ Box Culvert စီမံကိန်းဝင်တံတား စုစုပေါင်း ၁၂၄၉စင်း ဆောင်ရွက်ပါတယ်။ သစ်သားတံတား၊ ဘေလီတံတားများကို အသစ်တည်ဆောက်ခြင်းမဟုတ်ပဲ မူလတံတားများ၊ သုံးစွဲလို့ရ နိုင်သည့်တံတားများကို ပြန်လည်ပြင်ဆင်ထိန်းသိမ်းမှု ၅ စင်း ဖြစ်ပါတယ်။ ကျောက်စီရေမြောင်းနဲ့ မြေကာနံရံလမ်းရဲ့ လိုအပ်သည့် ပရိဘောဂတွေကို ဆောင်ရွက်မှု ပေပေါင်း ၁၆၄၁၀၉ ပေ ဖြစ်ပါတယ်။

နမ့်စန်-မိုးနဲ၊ မိုင်းတုံ-မိုင်းဆတ်လမ်းသည် တံတား ၄ စင်း ပြည်ထောင်စု စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်လမ်းဖြစ်ပြီး ပြည်နယ်အတွင်းမှာ သွားလာရန် အဆင်မပြေသည့်အတွက် Cabinet မှ ဆုံးဖြတ်ပြီး တံတား ၄ စင်းကို ပြည်နယ်ရန်ပုံငွေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပေ ၉၀ အရှည်ရှိသည့် တံတား ၂ စင်း၊ ပေ ၆၀ အရှည်ရှိသည့် တံတား ၁ စင်းနှင့် ၆၃ ပေအရှည်ရှိသည့် တံတား ၁ စင်း ဖြစ်ပါတယ်။ လဲချား-မိုင်းနောင်၊ မိုင်းရှူး-မိုင်းကောင် လမ်းပေါ်မှာ



D/real(wide) (4

တယ်။ ဒါကလည်း လမ်းအသစ်စပြီးတော့မှ ဆောင်ရွက်ရတာဖြစ်သည့်အတွက် ဘဏ္ဍာရေးနှစ်အမီဆောင်ရွက်နိုင်ဖို့ ၇၂၂. ၄၅ သန်း ခွဲဝေချထားပေးခြင်းဖြစ်ပါတယ်။ လမ်းအထူးအဖွဲ့ ၃ ကျပ်သန်းပေါင်း ၆၄၇၅. ၀၃၆ သန်း ခွဲဝေပေးထားပါတယ်။ လမ်းအထူးအဖွဲ့ ၃ က ကျိုင်းတုံခရိုင်မှာ အခြေပြုပါတယ်။ ကျိုင်းတုံခရိုင်ထဲမှာ ရှိနေသည့် မိုင်းခတ်-မိုင်းလုံး၊ ကြက်ဥတောင်-မိုင်းပေါက်လမ်း၊ မိုင်းဆတ်ခရိုင်ထဲမှာရှိနေသည့် မုန်းထော်-မုန်းထလမ်း၊ ပုံပါကျင်-ဘီပီဝမ်းသွားသည့်လမ်းတွေကို တာဝန်ယူဆောင်ရွက်ရသည့်အဖွဲ့ဖြစ်ပါတယ်။ တံတားအထူးအဖွဲ့ ၁၂ ကို ကျပ်သန်းပေါင်း ၁၅၁၄. ၂၅ သန်း ခွဲဝေပေးထားပါတယ်။ ကျိုင်းတုံခရိုင် (ရှမ်းအရှေ့)မှာ အခြေချပြီး လာအို-မြန်မာ ချစ်ကြည်ရေးတံတားနှင့် ရှမ်းအရှေ့မှာရှိနေသည့် ပေ ၅၀နှင့်အထက် စီမံကိန်းဝင်တံတားတွေကို တည်ဆောက်ပေးသည့် အဖွဲ့လည်း ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကတ္တရာလမ်းလုပ်ငန်းစာရင်းချုပ်အနေဖြင့် စုစုပေါင်း ၃၃၁ မိုင် ၇ ဖာလုံ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၁၈ ပေအကျယ် ကတ္တရာ လမ်းခင်းခြင်း ၈၉ မိုင် ၅. ၅ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၉၈ မိုင်၊ ကတ္တရာလမ်းပြင်ဆင်ထိန်းသိမ်းခြင်း ၈၁ မိုင် ၄ ဖာလုံ ဖြစ်ပါတယ်။ လမ်းပေါက်ကြီးမားနေသည့်နေရာဖြစ်သည့် လွိုင်လင်-ပန်ကေတု-သီပေါလမ်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဆက်သွယ်နေသည့် လမ်းဖြစ်ပြီး ပြည်ထောင်စုမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အာဆီယံလမ်းမကြီးလည်းဖြစ်ပါတယ်။ ပြည်ထောင်စုဘတ်ဂျက်မရသည့်အတွက် ဝန်ကြီးချုပ်ခွင့်ပြုချက်၊ Cabinetရဲ့ဆုံးဖြတ်ချက်နဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဒီလမ်းကို ကတ္တရာလမ်းခင်းပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း ဆက်လက်ပြီးကတ္တရာခင်းခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ မှာလည်း ပြည်နယ်ရန်ပုံငွေနဲ့ ဆက်လက်





၈၅ ပေ အရှည် တံတား ၁ စင်းကို ဤဘဏ္ဍာရေးနှစ်မှာ အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ တည်ဆောက်နေသည့် မိုးမိတ်ခရိုင်၊ မဘိမ်းမြို့တွင်းလမ်း ပေ ၅၀ သံကွန်ကရစ်တံတား၊ မိုင်းယု-ဆောင်ကြဲ-မိုင်းရယ်လမ်း မိုင်းရယ်မြို့နယ်ထဲမှာ ရှိနေသည့် ပေ ၆၀ တံတား၊ လားရှိုးခရိုင်၊ မန်ပုံ-မိုင်းကောင် လမ်း ပေ ၆၀ တံတား၊ လားရှိုးခရိုင် လွိုင်လင်-ပန်ကေတု-သီပေါလမ်း ပြည်ထောင်စုလမ်းမှာ ၁၄၉ မိုင် ၁ ဖာလုံမှာရှိနေသည့် ပေ ၆၀ တံတား၊ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ မန္တလေး-မိုးကုတ်၊ မိုးမိတ်-မဘိမ်း၊ စီဦး-ဇန်းမော်လမ်း နတ်မောင်း ပေ ၂၇၀ တံတားနှင့် မိုးမိတ်မြို့အဝင်တံတားတို့ ဖြစ်ပါတယ်။ မိုးမိတ်မြို့အဝင်တံတားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တစ်နှစ်ထဲ အပြီးဆောက်ခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် လမ်း ဖြစ်သော်လည်း ဒေသခံ ပြည်သူများတောင်းဆိုတဲ့ တံတားက စိုးရိမ်ရသည့် အခြေအနေဖြစ်တဲ့အတွက် ပြည်နယ် ရန်ပုံငွေနဲ့ ဝန်ကြီးချုပ်၏ ခွင့်ပြုချက် ၊ရှမ်းပြည်နယ်အစိုးရအဖွဲ့ Cabinet ရဲ့ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

ဟဲပိုး-ဘော်ဆိုင်း-ပင်းတယလမ်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ပြီးရင် တစ်လမ်းလုံး ကတ္တရာ ဖြစ်သွားမည့်လမ်း ဖြစ်ပြီး ၂၇ မိုင် ၂ ဖာလုံ ရှိပါတယ်။ ယခုနှစ်မှာကတ္တရာလမ်း သစ် ၅ မိုင် ၇ ဖာလုံခင်းခြင်း၊ ၃၄ ပေတာဘောင်ချဲ့ခြင်း ၂ မိုင်၊ တံတားနှင့်ရေပြွန် ၅ စင်း တည်ဆောက်ခြင်း၊ တံတား ၃ စင်းကို ပြုပြင်ခြင်းတို့ ဆောင်ရွက်ပါတယ်။ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်းသည် ပြည်ထောင်စုကနေ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် လမ်းဖြစ်ပြီး အာဆီယံလမ်းမကြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့်နေပြည်တော်တို့ ဆက်သွယ်ထားသည့်

တိုင်းဒေသကြီးချင်း၊ ပြည်နယ်ချင်းဆက်သည့်လမ်း ဖြစ်ပါတယ်။ ပြည်ထောင်စုဘတ်ဂျက် ရရှိမှု နည်းသည့်အတွက် ပြည်နယ်ရန်ပုံငွေနဲ့ ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ၂၂ ပေအကျယ် ကတ္တရာထပ်ပိုးလွှာ ၄ မိုင်၊ ၁၈ ပေအကျယ် ကတ္တရာ လမ်းခင်းခြင်း ၁၀ မိုင် ၅ ဖာလုံ၊ ၁၂ ပေအကျယ် ကတ္တရာ လမ်းထပ်ပိုးလွှာခင်းခြင်း ၁၆ မိုင် ၂ ဖာလုံ ဆောင်ရွက်ပေး ပါတယ်။ လမ်းတာ ဘောင်ချဲ့ခြင်း ၁၅ မိုင် ၇ဖာလုံကို ဖယ်ခုံမြို့ မရောက်ခင်မှာ နောင်ဝိုးတောင်ထိပ်နေရာမှာ လမ်းကျဉ်းသည့် တံတားနဲ့ မီးရထားလမ်းဆုံသည့်နေရာမှာ ယာဉ်မတော်တဆမှုတွေ မကြာခဏဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်မှာ မေးခွန်း မကြာခဏမေးမြန်းသော်လည်း ပြည်ထောင်စုဘတ်ဂျက် ရရှိခြင်းမရှိခဲ့ပါ။ သို့သော်လည်း ရှမ်းပြည်နယ်တွင်ဖြစ်နေသည့်အတွက်ကြောင့် ပြည်နယ်ရန်ပုံငွေနဲ့ ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ၁၂ ပေနှင့် ၁၈ ပေအကျယ် လမ်းချဲ့ခြင်းကို မြို့တွင်း၊ ရွာတွင်း လူအသွားအလာ များသည့်နေရာများကို ဦးစား ပေးပြီး ၂၃ မိုင် ၁ ဖာလုံ ဆောင်ရွက် ပေးခြင်း ဖြစ်ပါတယ်။

လွိုင်လင်ခရိုင်ထဲမှာရှိနေသည့် ကွန်ဟိန်း-မိုင်းနောင်-ကျေးသီး- ပန်ကေတုလမ်းသည် စုစုပေါင်းမိုင်ပေါင်း ၉၀ ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၁၆ မိုင် ၄ ဖာလုံ၊ ၁၈ ပေအကျယ် ထပ်ပိုးလွှာခင်းခြင်း ၂ မိုင်၊ ကတ္တရာလမ်းပြင်ဆင်ထိန်းသိမ်းခြင်း ၄ မိုင်၊ တံတားရေပြွန် ၄၄ စင်း ၊ ၃၄ ပေ မြေသားလမ်းချဲ့တာ ၂၂ မိုင်ဖြစ် ပါတယ်။

လွိုင်လင်ခရိုင်ထဲမှာရှိနေသည့် လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းကောင်လမ်း စုစုပေါင်း ၉၅ မိုင်ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နှစ်ပြီးသည်အထိ ကတ္တရာလမ်း ၇၃ မိုင်၊ အမာခံလမ်း ၂၂ မိုင် ဆောင်ရွက်ပေးထားပါတယ်။ ၂၀၁၅-၂၀၁၆



D/real(wide) (4



လင်းခေးခရိုင်ထဲမှာရှိနေသည့် ဝမ်ဟတ်-ဝမ်စလောင်း-တာဆွတ်တိန်း-ဟိုမိန်းလမ်း ၃၃ မိုင် ၂ ဖာလုံ ဖြစ်ပြီး သံလွင်မြစ်ကမ်းဆိပ်ထိ ၃၃ မိုင် ၂ ဖာလုံ ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာကတည်းက ကတ္တရာလမ်း ပြီးစီးပြီး ဖြစ်ပါတယ်။ ကတ္တရာလမ်းခင်းခြင်း ၄ မိုင်ကို ၁၈ ပေ အကျယ်ချဲ့ထားပေးသည့်လမ်း ဖြစ်ပါတယ်။ လမ်းကြံ့ခိုင်မှုကောင်းအောင် တံတားရေပြွန် ၂၆ စင်း ထပ်ပြီး တည်ဆောက်ပေးပါတယ်။ ကွန်ကရစ် ရေကျော်တွေ ပေ ၈၃၀ ဆောင်ရွက်ပေးပါတယ်။ ကျောက်စီမြေထိန်းနံရံတွေကို ၂၇၅ ပေ၊ လယ်ကွက်ထဲမှာ ရှိနေသည့်နေရာများကို မြေသားတာဘောင် လမ်းသား ပြုပြင်ခြင်း ၃ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်းတစ်လမ်းလုံး ဆောင်ရွက် ပေးပြီးသား ဖြစ်ပါတယ်။

လင်းခေးခရိုင်၊ မောက်မယ်-ဝမ်ဟတ်-လင်းခေးလမ်း ၂၈ မိုင် ၂ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဆင့်ဆောင်ရွက်ပေးပြီးသား ဖြစ်ပါ တယ်။ ကျန်ရှိနေသော ကျောက်တောင်လမ်းချဲ့ခြင်း၊ မြေသားတာဘောင် လမ်းချဲ့ခြင်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုနှစ်တွင် ကတ္တရာလမ်းခင်းခြင်း ၁ မိုင် ၅ ဖာလုံ ၁၈ ပေအကျယ်ချဲ့သည့်လုပ်ငန်း၊ ၁၈ပေအကျယ်ချဲ့တာ ၆ ဖာလုံ၊ တံတားရေပြွန် ၆ စင်း၊ ကျောက်စီမြေထိန်းနံရံ ပေ ၈၁၀ တည်ဆောက်ခြင်းဖြစ်တယ်။ မြေသားတာဘောင်ချဲ့ခြင်း ၂ မိုင် ဆိုသော်လည်း တစ်ဆက်တစ်စပ်တည်း ၂ မိုင်မဟုတ်ပဲ လမ်းကွေးကျဉ်းသော တစ်ချို့နေရာမှာ ပေ ၄၀၀ သို့မဟုတ် ပေ ၅၀၀၊ ၁ ဖာလုံ သို့မဟုတ် ၂ ဖာလုံ တစ်လမ်းလုံးမှာ သွားလာရခက်သောနေရာတွေကို လမ်းချဲ့ခြင်းလုပ်ငန်းတင်ပြပေးထားခြင်း ဖြစ်ပါတယ်။

လင်းခေးခရိုင်၊ မိုးနဲ-မောက်မယ်လမ်း ၂၇ မိုင် ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းဆောင်ရွက်ပေးပြီးသားဖြစ်ပါတယ်။ ၁၆ ပေအကျယ် ကတ္တရာလမ်း ၁ မိုင်ချဲ့ခြင်း၊ တံတားရေပြွန် ၄ စင်း၊ကျောက်စီမြေထိန်းနံရံ ၆၂၅ ပေ ဆောင်ရွက်ပေးထားပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲ-မိုင်းလုံ-မိုးကုတ်လမ်း အတွက် ရန်ပုံငွေကျပ်သန်းပေါင်း ၁၆၁၂.၂ သန်း ခွဲဝေပေးထားပါတယ်။ မြေသားလမ်းချဲ့ခြင်း ၉ မိုင် ၆ ဖာလုံ၊ တံတား ၂၁ စင်း ဆောင်ရွက်ပေးထားပါတယ်။ ၃၁-၃-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြီးလျှင် ကတ္တရာလမ်း ၃၉ မိုင် ၃ ဖာလုံ ဖြစ်ပြီး ကျောက်လမ်း ၁၂ မိုင်အဖြစ်ပေါ်လာမည့်လမ်းဖြစ်ပါတယ်။ နယ်မြေလုံခြုံရေးအရ မဆောင်ရွက်သေးနိုင်သည့် အပိုင်းကျန်ရှိခဲ့ခြင်းဖြစ်ပါတယ်။ မြေသားလမ်းအား ကတ္တရာလမ်း ၃၉ မိုင်၊ ကျောက်လမ်း ၁၂ မိုင် ၄ နှစ်အတွင်းမှာ ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်ပါတယ်။

ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံ-နမ့်ဆန်လမ်း ၃၇ မိုင် ၀ ဖာလုံ ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ပြည်နယ်စီမံခန့်ခွဲပိုင်ခွင့် ရှိတဲ့ လမ်းအဖြစ် လွှဲပေးတာဖြစ်ပါတယ်။ ၃၇ မိုင်စလုံး မြေသား လမ်းဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းသစ်ခင်းခြင်း ၈ မိုင် ၆ ဖာလုံ၊ တံတား ၂ စင်း၊ ကျောက်စီမြေကာနံရံ ၃၃၅ ပေ ထည့်သွင်း ဆောင်ရွက်ပေးထား ပါတယ်။ ၃၁-၃-၂၀၁၆ ဘဏ္ဍာရေး နှစ်ပြီးတာနဲ့ ကတ္တရာလမ်း ၁၆ မိုင် ပေါ်ပေါက်လာမည့်လမ်း ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ မှာလည်း ကတ္တရာလမ်း ၁၀မိုင်ကျော်စာ ကို ရန်ပုံငွေ ထည့်သွင်း လျာထားပေးထားပါတယ်။


D/real(wide) (2



ဘဏ္ဍာရေးနှစ်မှာ အမာခံ လမ်း ၂၂ မိုင်ကို ကတ္တရာလမ်းခင်းပေးပါတယ်။ ချဉ်းကပ်လမ်း တံတား၅ စင်းကို ကတ္တရာလမ်းပြန်ခင်းပါတယ်။ တံတားရေပြွန် စုစုပေါင်း ၅၆ စင်း တည်ဆောက်ပေးပါတယ်။ တာဝန်ယူသည့် ၅ နှစ်အတွင်းမှာ ၉၅ မိုင် မြေလမ်းကို ကတ္တရာလမ်း ဆောင်ရွက်ပေးခဲ့ ပါတယ်။

လွိုင်လင်ခရိုင်၊ ကာလိ-မိုင်းစံ-မိုင်းရှူးလမ်း ၅၆ မိုင် ၇ ဖာလုံ ဖြစ်ပါ တယ်။ ၂၀၁၅ ဘဏ္ဍာရေးနှစ်ထိ ၄၄ မိုင် ၄ ဖာလုံ ကတ္တရာ လမ်း ဆောင်ရွက်ပေးထားပါတယ်။ အမာခံကတ္တရာခင်းခြင်း၁၂ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ပြင်ဆင်ခြင်း ၇ မိုင် ၆ ဖာလုံ၊ ထပ်ပိုးလွှာခင်းခြင်း ၄ မိုင် ၂ ဖာလုံ၊ အမာခံလမ်း ၆ မိုင် ၇ ဖာလုံ တံတားရေပြွန် ၁ စင်း၊ ရေပြွန်တံတား ထိန်းသိမ်းခြင်းလုပ်ငန်း ၄ စင်းဖြစ်ပြီး လမ်းကျဉ်းသည့်နေရာများကိုမြေသားလမ်း ၃၄ ပေချဲ့ပေးခြင်း ၅ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၆ ဘဏ္ဍာရေးနှစ်ပြီးလျှင် ၅၆ မိုင် ၇ ဖာလုံမှာ ၁၂ ပေအကျယ် ကတ္တရာလမ်း ဖြစ်သွားမှာ ဖြစ်ပါတယ်။ လွိုင်လင်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူသည့် လမ်းများသည် ပင့်ကူမျှင်များသဖွယ် လမ်းကွန်ယက်တွေဟာ ကတ္တရာလမ်းဖြင့် ချိတ်ဆက်သွားလာနိုင်ပြီဆိုသည့်အကြောင်းကို ကောက်နုတ်ရှင်းလင်း တင်ပြလိုပါတယ်။

လင်းခေးခရိုင်၊ မိုးနဲ-နားခံ-ကျိုင်းတောင်း-ဆိုက်ခေါင်-ကွန်ဟိန်းလမ်း ၇၀ မိုင်ရှည်ပါတယ်။ ၂၀၁၅ ခုနှစ်ထိ ၃၃ မိုင် ၂ ဖာလုံ ကတ္တရာလမ်းခင်းပေးထားပါတယ်။ အမာခံလမ်း ၁၁ မိုင် ၆ ဖာလုံမှာ ၃၁-၃-၂၀၁၆ ရက်နေ့ပြီးလျှင် ကတ္တရာလမ်း ၄၅ မိုင် ဖြစ်သွားပါမယ်။ နယ်မြေလုံခြုံရေး အခြေအနေအရ ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကွန်ဟိန်းလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု ကိုယ်တိုင်ဦးဆောင်ပြီး တံတား ၂ စင်း တည်ဆောက်ပေးခဲ့ရသည့် အခြေအနေမျိုး ကြုံတွေ့ခဲ့ရပါတယ်။

မန္တလေး-မိုးကုတ်-မိုးမိတ်-မဘိမ်း-စီဦး-ဗန်းမော်လမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ပြည်နယ်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် လမ်းအဖြစ် လွှဲပြောင်းပေးသည့်လမ်းဖြစ်ပါတယ်။ ရန်ပုံငွေကျပ်သန်းပေါင်း ၂၆၁၁. ၅ သန်းရရှိပါတယ်။ ကတ္တရာလမ်းသစ်ခင်းခြင်း ၆ မိုင်၊ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၅ မိုင် ၂ ဖာလုံ၊ ရေပိတ်လွှာလောင်းခြင်း ၃ မိုင် ၄ ဖာလုံ၊ တံတား ၂၆ စင်း တည်ဆောက်ပေးထားပါတယ်။ ၃၁-၃-၂၀၁၆ ဘဏ္ဍာရေးနှစ်ပြီးလျှင် ကတ္တရာ လမ်းမိုင်ပေါင်း ၄၀ မိုင် ၁ ဖာလုံပြီးစီးမှာဖြစ်ပါတယ်။ မိုးမိတ်မှ ရွှေလီမြစ်ဆုံ ၁၈ မိုင်ကို လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ ရွှေလီ(၃)ရေအားလျှပ်စစ် ဆောင်ရွက်နေသည့် စီမံကိန်းကာလဖြစ်၍ လမ်းကိုအသုံးပြုနေသောကြောင့် အမာခံလမ်း၊ ကျောက်လမ်းဆောင်ရွက် နေတာဖြစ်ပါတယ်။ မဘိမ်းမြို့၊ ကုန်းခါး-နမ့်ပုံးပုံး-လဝါလမ်း ၇ မိုင်ထိသာဆောင်ရွက်နိုင်ပါတယ်။ နယ်မြေလုံခြုံရေးအရ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် လမ်းမိုင်ကတ္တရာ လမ်းပေါ်ပေါက်မှု နည်းရခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာလေ-ပါလျှိုး-ကျိုင်းလပ်လမ်း စုစုပေါင်း ၃၅ မိုင် ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ၂ နှစ် အတွင်းမှာ ကတ္တရာလမ်းအပြီးဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ လာအိုချစ်ကြည်ရေးတံတားတည်ဆောက်ပြီးလျှင် နှစ်ဘက်နှစ်နိုင်ငံကုန်စည်ကူးသန်းရောင်းဝယ်မှု ဖောက်ကားမည့်လမ်းဖြစ်သည့် အတွက် ၁၂ ပေ အကျယ် ကတ္တရာလမ်းအပြီး ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း ၇၃ မိုင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ကိုလွှဲပေးတာဖြစ်တဲ့အတွက်ကြောင့် ကြိုးစားပြီး ဆောင်ရွက်ပေးခဲ့





အမာခံ လမ်း ၂၈ မိုင်၊ ၃၄ ပေ လမ်းသားချဲ့ခြင်း ၂၀ မိုင် ၆ ဖာလုံ၊ ကျောက်စီရေမြောင်း ၁၁၇၄၇ ပေ၊ ကျောက်စီမြေထိန်းနံရံ ၁၇၇၁ ပေ၊ သံကူကွန်ကရစ်တံတား ၂၇ စင်း၊ တစ်ကြောင်းထိုးလမ်း ၅ မိုင် ၄ ဖာလုံ၊ တံတားပြုပြင်ခြင်း ၂ စင်း၊ ရေကျော်တံတား တည်ဆောက်ခြင်း ပေ ၂၀၀ ဖြစ်ပါတယ်။ ၃၁-၃-၂၀၁၆ မှာ ကတ္တရာလမ်း ၂၇ မိုင်နှင့် ကျောက်လမ်း ၃၅ မိုင် ၁ ဖာလုံ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျန်ရှိနေသည့် ကျောက်လမ်း ၃၅ မိုင်သည် ကတ္တရာလမ်းဖြစ်လာမည့် လမ်း ၁ လမ်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာရှိနေသည့် မိုင်းဖြတ်-မိုင်းယောင်းလမ်း ၄၅ မိုင် ၂ ဖာလုံ ဖြစ်ပါတယ်။ ရန်ပုံငွေကျပ်သန်းပေါင်း ၃၃၅၈. ၂ သန်းဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း ၁၇ မိုင်၊ အမာခံလမ်း ၂၆၀၀ ပေ၊ ကျောက်ရောမြေ ၃ လက်မထုခင်းထား ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းခင်းမှာ ဖြစ်ပါတယ်။။ ကျောက်စီရေမြောင်း ၃၅၀၀ပေ၊ သံကူကွန်ကရစ် တံတား ၁၂ စင်းတည်ဆောက်ပေးထားပါတယ်။ ၂၀၁၆ ဘဏ္ဍာရေး နှစ်ပြီးတာနဲ့ ကတ္တရာလမ်း ၂၄ မိုင် ၂ ဖာလုံ ဖြစ်ပြီး ကျန်ရှိနေသည့် ကျောက်လမ်းနှင့် အမာခံလမ်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းပေါ်ပေါက်လာမယ့် လမ်းတစ်လမ်း ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၈၊ ပုဒ်မခွဲ(ခ) အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်သည့်လုပ်ငန်းကို ရှမ်းပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆) ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများအား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆)မှာ မကြာမီ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ စတင်ခဲ့သည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းသည် လာမည့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှာ သက်တမ်း ၅ နှစ်ပြည့်မြောက်မည်ဖြစ်ပါသည်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းအတွင်း ပုံမှန်အစည်းအဝေး ၁၃ ကြိမ်၊ အထူးအစည်းအဝေး ၄ ကြိမ်နှင့် အရေးပေါ်အစည်းအဝေး ၂ ကြိမ် စုစုပေါင်း ၁၉ ကြိမ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးကို အားတက်သရောတက်ရောက်ကြပြီး လွှတ်တော် အစည်းအဝေး တာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားလိုပါတယ်။ ဒီအထူးအစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းတို့ကို အတည်ပြု ပေးနိုင်သလို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများကလည်း မိမိတာဝန်ယူထားသည့် ဌာနများ၏





ပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့ပြီးလျှင် ကတ္တရာလမ်း ၄၀ မိုင် ၇ ဖာလုံခွဲ၊ ကျောက်လမ်း ၁၆ မိုင် ၂ ဖာလုံ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း ဆက်လက်ဆောင်ရွက်ရန် ရန်ပုံငွေထည့်သွင်း ရေးဆွဲ အတည်ပြုပြီးဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေအနေနဲ့ ကတ္တရာလမ်းခင်းခြင်း ၂၄ မိုင် ၃ ဖာလုံ၊ ၁၈ ပေကျယ်ချဲ့ခြင်း ၆ ဖာလုံခွဲ၊ ကျောက်ရောမြေထုခင်းကြိတ်ခြင်း ၆ မိုင် ၆ ဖာလုံကို လာမည့်ဘဏ္ဍာရေးနှစ်မှာ ကတ္တရာခင်းနိုင်အောင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သဲရောချောင်းကျောက်ခင်းခြင်းကလည်း ၁၀ မိုင် ၄ ဖာလုံ လမ်းအမာခံ ရရှိအောင်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းခင်းနိုင်အောင် စတင်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ မြေသားလမ်းချဲ့ခြင်း ကျင်းပေါင်း ၃၀၀၀၀၊ ကျောက်တောင်လမ်းချဲ့ခြင်း ကျင်းပေါင်း ၁၄၀၀၊ လမ်းတာဘောင်ရရှိအောင်ချဲ့ခြင်း ကျင်းပေါင်း ၁၂၆၃၅၅ ကျင်း၊ ကျောက်စီရေမြောင်းလမ်းများ ပြန်လည် မပျက်စီးအောင် ရေမြောင်းများကို ၈၅၅၀ ပေဆောင်ရွက်ခြင်း၊ မြေထိန်းနံရံ ၉၉၀ ပေ ဆောင်ရွက်ခြင်း၊ မြေထိန်းနံရံနဲ့ကျောက်စီ ၊ ရေမြောင်းတစ်ဆက်တစ်စပ်တည်းဆောင်ရွက်ရသည့်လုပ်ငန်း ၇၄၀ပေ၊ သံကူကွန်ကရစ်တံတား ၅၂ စင်းဆောင်ရွက်ပေးရပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် စတင်တာဝန်ယူစဉ်က ရှမ်းပြည်နယ်တစ်ပြည်လုံးမှာ တံတားအစင်းပေါင်း ၄၇ စင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဤလမ်းတစ်လမ်းတည်းပေါ်တွင် တံတား ၅၂ စင်း တည်ဆောက် ပေးထားပါတယ်။

တာဆန်း-မိုင်းတုံ-မိုင်းဆတ်လမ်းသည် ပြည်ထောင်စုက စီမံခန့်ခွဲပိုင်ခွင့် ရှိတဲ့လမ်းဖြစ်ပြီး ရန်ပုံငွေမရတဲ့အတွက် ပြည်နယ်မှ ဆောင်ရွက်ပေးထားသည့်လမ်း ဖြစ်ပါတယ်။ ယခုနှစ် ကျပ်သန်းပေါင်း ၆၄၉၆. ၉၃ သန်း ဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း ၁၇ မိုင် ၅ ဖာလုံ၊

လုပ်ငန်း ဆောင်ရွက်ချက် များကို လွှတ်တော်ကိုယ်စားလှယ်များထံ သိရှိအောင် တင်ပြနိုင်ခဲ့ ပါတယ်။

ဥပဒေပြုရေးမှာ လွှတ်တော်ကိုယ်စားလှယ်များအတွက် အဓိကတာဝန်ဖြစ်ပါတယ်။ ယနေ့အထိ ဒေသန္တရစီမံကိန်းဥပဒေ ၆ ခု၊ ရသုံးခန့်မှန်းခြေငွေစာရင်း ဥပဒေ ၉ ခုနှင့် အများပြည်သူနှင့် သက်ဆိုင်သည့်ဥပဒေ ၁၂ ခု၊ စုစုပေါင်း ၂၇ ခုအား လွှတ်တော်က အတည်ပြုပေးနိုင်ခဲ့ပါတယ်။ အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေ ၁၂ ခုအနက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ နည်းဥပဒေ ၆ ခု ကိုလည်း ရေးဆွဲနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းအတွင်း လွှတ်တော် ကိုယ်စားလှယ်များမှ အဆိုပေါင်း ၃၆ ခုကို လွှတ်တော်သို့ တင်သွင်းနိုင်ခဲ့ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း ၄၄၀ ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က)အရ ရှမ်းပြည်နယ်လွှတ်တော်ကော်မတီ ၆ ခုနှင့် ကော်မရှင် ၁ ခုကို ကိုယ်စားလှယ် ၄၇ ဦး အား ဖွဲ့စည်း တာဝန်ပေးအပ်နိုင်ခဲ့ပြီး လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌအား တာဝန်ခံ ဆောင်ရွက်နိုင် ခဲ့ပါတယ်။ ကော်မတီနှင့် ကော်မရှင်များ၏ အမည်စာရင်းကို (၁၃) ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ည)အရ ရှမ်းပြည်နယ် လွှတ်တော်ရုံးကိုဖွဲ့စည်း ဆောင်ရွက်လျက်ရှိရာ ဖွဲ့စည်းပုံအပြည့်မှာ ရှမ်းပြည်နယ် လွှတ်တော်ရုံး အကြီးအမှူး၊ ညွှန်ကြားရေးမှူး ဦးဆောင်သည့် အရာထမ်း ၈ ဦး၊ အမှုထမ်း ၄၇ ဦး စုစုပေါင်း ၅၅ ဦး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအပြည့်ခန့်ထားရေးနှင့် လွှတ်တော်ဝန်ထမ်းများအတွက်





နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့ ထမ်းရွက်ခဲ့သည့် တာဝန် ကို ပြန်ကြည့်မည်ဆိုလျှင် လွှတ်တော်အစည်းအဝေးများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အောင်မြင်စွာ ကျင်းပပြုလုပ်ရေးဖြစ်ပြီး မိမိမဲဆန္ဒနယ်ရှိ ရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်အစည်းအဝေးမှာ မေးမြန်းတင်ပြတောင်းဆိုရေးတာဝန် နှင့် မိမိတို့ကို ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ထားသည့် မဲဆန္ဒရှင် များ၏ အသံများကို လွှတ်တော်သို့ ရောက်ရှိအောင်သယ်ဆောင် ပေးသည့် တာဝန်ဖြစ်ပါတယ်။ ဥပဒေပြုရေးတာဝန်နှင့် Check & Balance ဆိုသည့် အဓိကတာဝန်ကိုလည်း ဆောင်ရွက်ရပါတယ်။ ဒီတာဝန်တွေကို ထမ်းရွက်နိုင်ရန်အတွက် အချင်းချင်း စည်းလုံး ညီညွတ်မှုကို တည်ဆောက်ပြီး မိမိတို့ အချင်းချင်းကြားမှာ မိမိတို့ လေ့လာအားနှင့် ဆောင်ရွက်သည့်အတွက် အားသာချက်၊ အားနည်းချက်များ ရှိကောင်းရှိမှာ ဖြစ်ပါသည်။ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအဖြစ်မှ တာဝန်ထမ်းဆောင်ရသည့် အချိန်မှာ အပြုသဘောဆောင်သည့် အပြန်အလှန်နားလည်မှုကို တည်ဆောက်ပြီး နောင်အနာဂါတ်ကာလမှာ အရာရာအောင်မြင် ကျော်လွှား၍ မိမိအကျိုးနှင့် အမျိုးသားရေးအကျိုး သမိုင်းပေး တာဝန်များကို အတူတူဆောင်ရွက်ကြပါစို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆) ကျင်းပပြီးမြောက်ကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃) ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)၊

ဒုတိယနေ့အစီအစဉ်ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆)ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ လ ၆ ရက်နေ့ ဗုဒ္ဓဟူးနေ့ ၁၁း၄၅ နာရီအချိန်မှာ အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။



D/real(wide) (2



Capacity Building ကို တိုးမြှင့်ဆောင်ရွက်ရန် အစီအစဉ်လည်းရှိပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းအတွင်း ပြည်သူလူထုများမှ လွှတ်တော်သို့ လိပ်မူ၍ တင်ပြစာ သို့မဟုတ် သနားခံစာ စုစုပေါင်း ၁၄၄ စောင်၊ တိုင်ကြားစာ စုစုပေါင်း ၂၀၁ စောင် ပေးပို့သောစာများကို လွှတ်တော်က လက်ခံရရှိပါတယ်။ အချို့စာများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ စိစစ်ပေးရန် ပေးပို့ခဲ့ပြီး အချို့စာများကို သက်ဆိုင်ရာကာယကံရှင်များနှင့် လွှတ်တော်မှ ညှိနှိုင်းပေါင်းစပ်ပေးခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်သို့ တိုက်ရိုက်တိုင်ကြားသဖြင့် ပြည်ထောင်စုလွှတ်တော်မှ ရှမ်းပြည်နယ် လွှတ်တော်သို့ လွှဲပြောင်းပေးခဲ့သည့်စာများရှိပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အချိန်အခါမှာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ကျင်းပပြီးစီးဖြစ်၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အပါအဝင် အဆင့်ဆင့်သောလွှတ်တော်များ၏ ပုံမှန် အစည်းအဝေးများကို မကြာမီစတင်ကျင်းပတော့မှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (က) အရ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးခေါ်ယူနိုင်ရန်အတွက် လိုအပ်သောအစီအမံများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ အထူးသဖြင့် ပုံမှန်အစည်းအဝေးမှာ သဘာပတိတင်မြှောက်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း စသည့် ဆောင်ရွက်ဖွယ်ရာ ကိစ္စရပ်များ ဆန္ဒမဲပေးခြင်းအတွက် လိုအပ်သော ပုံစံ၊ စာရင်း၊ ဇယားများ၊ အခမ်းအနားအစီအစဉ် ရေးဆွဲခြင်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရေးလွှတ်တော်ရုံး အကြီးအမှူး ဦးဆောင်သော ဝန်ထမ်းများမှ တာဝန်ခွဲထားကြောင်း တင်ပြအပ်ပါတယ်။

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**အထူးအစည်းအဝေး (၁/၂၀၁၆)**

**ဆုံးဖြတ်ခြင်း**

**ဆုံးဖြတ်ခြင်းအမှတ် ၇၈-၁/၂၀၁၆။ “ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းသော ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ်ရှမ်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း” အား လွှတ်တော်မှ အတည် ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၁) ရက် (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ဒုတိယနေ့၌ **“၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း”**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။





လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ပထမနေ့၌ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၉ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၀၁-၁/၂၀၁၆ ။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ပထမနေ့၌ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။

**အမှတ် ၁၀၂-၁/၂၀၁၆။ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်းလူမှုရေးကဏ္ဍဆောင်ရွက်ချက်မှု အခြေအနေအား မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ်

ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ပထမနေ့၌ **“၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေး နှစ်မှ ၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍဆောင်ရွက်မှု အခြေအနေ”** အား မှတ်တမ်း တင်သည်။

**အမှတ် ၁၀၃-၁/၂၀၁၆။ ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သော လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေအား မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ပထမနေ့၌ **“ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီမှ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ”**အား မှတ်တမ်းတင်သည်။

**အမှတ် ၁၀၄-၁/၂၀၁၆။ သစ်တောသတ္တုကဏ္ဍလုပ်ငန်း ဆောင်ရွက်ချက် များအား မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆)





**ဆုံးဖြတ်ခြင်းအမှတ် ၇၉-၁/၂၀၁၆။ “ရှမ်းပြည်နယ် အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)” အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၁) ရက် (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ဒုတိယနေ့၌ **“ ၂၀၁၆- ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)”**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ်၁၀၀-၁/၂၀၁၆။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်

ပထမနေ့၌ **"သစ်တောသတ္တုကဏ္ဍလုပ်ငန်း ဆောင်ရွက်ချက်များ"** အား မှတ်တမ်းတင်သည်။

**အမှတ် ၁၀၅-၁/၂၀၁၆။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ခဲ့သော လျှပ်စစ် နှင့်စက်မှုလက်မှု ကဏ္ဍလုပ်ငန်းဆောင်ရွက်မှု အခြေအနေအား မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ပထမနေ့၌ **"ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ခဲ့သော လျှပ်စစ်နှင့် စက်မှုလက်မှုကဏ္ဍလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ"** အား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ်၁၀၆-၁/၂၀၁၆။ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆)





၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ဒုတိယနေ့၌ **"ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စုံစမ်းရေးကော်မရှင် အစီရင်ခံစာပါ မြေယာကိစ္စရပ်များ ဖြေရှင်း ဆောင်ရွက်မှု အခြေအနေ"**အား မှတ်တမ်းတင်သည်။

**အမှတ် ၁၀၈-၁/၂၀၁၆။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ခဲ့သော လမ်းပန်းဆက်သွယ်ရေး ကဏ္ဍအစီရင်ခံစာအား မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ဒုတိယနေ့၌ **"၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍအစီရင်ခံစာ"**အား မှတ်တမ်းတင်သည်။

## လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**အမှတ် ၅၅-၁/၂၀၁၆။** **၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်းလူမှုရေး ကဏ္ဍ ဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ပထမနေ့၌ “ **၂၀၁၁-၂၀၁၂ ဘဏ္ဍာရေး နှစ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍ ဆောင်ရွက်ချက်များ** အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၅၆-၁/၂၀၁၆။** **ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီမှ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေအားလွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆)





ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၁၃၉ ဦး ရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၉)ဦးရှိ၍ ခွင့်မဲ့ ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**အမှတ် ၁၀၇-၁/၂၀၁၆။** **ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ဒုတိယနေ့၌ **“ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ ”**အား မှတ်တမ်းတင်သည်။

**အမှတ် ၁၀၈-၁/၂၀၁၆။** **ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနရှိဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စုံစမ်းရေးကော်မရှင်အစီရင်ခံစာပါမြေယာကိစ္စရပ်များဖြေရှင်း ဆောင်ရွက်မှု အခြေအနေအား မှတ်တမ်းတင်ခြင်း**

ပထမနေ့၌ **"ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ"**အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၅၇-၁/၂၀၁၆။ သစ်တောသတ္တုကဏ္ဍ လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ပထမနေ့၌ **"သစ်တောသတ္တုကဏ္ဍ လုပ်ငန်း ဆောင်ရွက်ချက်များ"**အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၅၈-၁/၂၀၁၆။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လျှပ်စစ်နှင့်စက်မှုလက်မှု ကဏ္ဍလုပ်ငန်းဆောင်ရွက်ချက်များအားလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ပထမနေ့၌ **"၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လျှပ်စစ်နှင့်စက်မှုလက်မှုကဏ္ဍလုပ်ငန်း ဆောင်ရွက်ချက်များ"** အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။





ဒုတိယနေ့၌ **"ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စုံစမ်းရေးကော်မရှင် အစီရင်ခံစာပါ မြေယာကိစ္စရပ်များ ဖြေရှင်း ဆောင်ရွက်မှု အခြေအနေ"**တို့အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၆၁-၁/၂၀၁၆။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လမ်းပန်းဆက်သွယ်ရေး ကဏ္ဍအစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ဒုတိယနေ့၌ **"၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍအစီရင်ခံစာ"**အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

## ဥပဒေထုတ်ပြန်ခြင်း

**ဥပဒေအမှတ် ၁-၁/၂၀၁၆။ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေကြမ်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူး အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့၌ **“၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း”** အား အတည်ပြု ချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် (၁/၂၀၁၆)အဖြစ် ထုတ်ပြန်သည်။

**ဥပဒေအမှတ်၂-၁/၂၀၁၆။ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေ (မူကြမ်း)**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူး အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့၌ **“၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေ(မူကြမ်း)”** အား အတည်ပြုချက် ရယူပြီး ရှမ်းပြည်နယ်လွှတ်တော်၏ဥပဒေအမှတ် (၂/၂၀၁၆)အဖြစ် ထုတ်ပြန်သည်။





**အမှတ် ၅၉-၁/၂၀၁၆။ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ဒုတိယနေ့၌ **“ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ချက် ”** အား လွှတ်တော်သို့ ရှင်းလင်း တင်ပြသည်။

**အမှတ် ၆၀-၁/၂၀၁၆။ ရှမ်းပြည်နယ်စိုက်ပျိုးရေး နှင့် မွေးမြူရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခုနှစ် လုပ်ငန်း ဆောင်ရွက်ချက် များနှင့် စုံစမ်းရေးကော်မရှင် အစီရင်ခံစာပါ မြေယာကိစ္စရပ် များ ဖြေရှင်း ဆောင်ရွက်မှု အခြေအနေတို့အားလွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆)

D/real(wide) (6